# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့ ၂၀၁၅ ခုနှစ်၊ သြဂုတ် ၁၅ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၁၄]


**ဒါန၃ တော်မင်္ဂလ မုတ္တမံ**

**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ဒေသနေပြည်သူများအတွက် ပေးပို့လှူဒါန်းမည့် ဗုဒ္ဓဆင်းတုတော်များနှင့် ပြန်လည်ထူထောင်ရေးအထောက်အကူပြုပစ္စည်းများ ကြည့်ရှုစစ်ဆေး




**နေပြည်တော်  သြဂုတ်  ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တောင်သူပညာပေး ဧက ၅၀၀ စံပြစိုက်ခင်းရှိ အဆင့်မြင့်သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံတွင် ရေဘေးသင့်ဒေသနေ ပြည်သူများအတွက် ဓမ္မလက်ဆောင်အဖြစ် ပေးပို့လှူဒါန်းမည့် ဗုဒ္ဓဆင်းတုတော်များအား ကြည်ညိုပြီး **(အပေါ်ပုံ)** ပြန်လည်ထူထောင်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ရန် စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၆* ❀

**ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ**

စာ-၈

**ဟားခါးမြို့၏ ဘူမိဗေဒအခြေအနေများကို လေ့လာပြီး သင့်တော်သည့်နေရာတွင် ပြန်လည်နေရာချထားရေး ဆောင်ရွက်မည်**

စာ-၁၂




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပြန်လည်ထူထောင်ရေးအကူအညီ

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပြီဆိုလျှင် အဓိကအားဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လစ်ဟာမှုမရှိဘဲ ဟန်ချက်ညီညီလုပ်ဆောင်ရန်အရေးကြီးလှပေသည်။ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးသည်နှင့်ပြန်လည်ထူထောင်ရေးကို အချိန်ကိုက်ဆောင်ရွက်ရန်လိုအပ်ပေသည်။ ပြန်လည်ထူထောင်ရေးလိုအပ်ချက်များဝိုင်းဝန်းဖြည့်ဆည်းပေးရန်လိုအပ်ပေသည်။ ပြန်လည်ထူထောင်ရေးအကူအညီသည် ကယ်ဆယ်ရေးအကူအညီပြီးနောက် ဒုတိယအဆင့်အကူအညီဖြစ်ပါသည်။

ဤသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်းနှင့် ဆောင်ရွက်၍မရပါ။ အားလုံးပူးပေါင်းလုပ်ဆောင်မှသာ လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိရောက်မှု မြန်ဆန်နိုင်မည်ဖြစ်ပါသည်။ ပုဂ္ဂလိကတစ်ဦးချင်းမှအစ ပရဟိတအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ စေတနာရှင်အလှူရှင်ပြည်သူများ၏ ပူးပေါင်းကူညီမှုသည်လည်း အမှန်ပင်လိုအပ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးမှုများသည် ယခုအခါ မြို့ရွာအတော်များများရေကျသွားပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ပါသည်။ မြို့ရွာများသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း၊ ရေကောင်းရေသန့် ရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများ ပြန်လည်စိုက်ပျိုးခြင်းအစရှိသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် အကူအညီများ လိုအပ်လျက်ရှိပါသည်။

ကျောင်းများတွင် စာသင်ခုံများရေစီးတွင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် စာသင်ခုံအလှူရှင်များလိုအပ်လျက် ရှိပါသည်။ ကျောင်းဝတ်စုံ၊ စာအုပ် အစရှိသဖြင့် ပြန်လည်ထူထောင်ရေးအကူအညီများ လိုအပ်လျက်ရှိပါသည်။ ထို့အတူ ရေကောင်းရေသန့်ရရှိရေးအတွက် အဝီစိတွင်းအလှူရှင်များ၊ ရေတွင်းရေကန်တူးဖော်မှု အစီအစဉ်များ လိုအပ်လျက်ရှိပါသည်။ ပျက်စီးဆုံးရှုံးသွားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးနိုင်ရန်လည်း အကူအညီများ လိုအပ်လျက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မျိုးစပါး၊ ထွန်ယက်စိုက်ပျိုးစရိတ် အစရှိသဖြင့် လိုအပ်ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ ယခုအခါ ပျက်စီးသွားသော လယ်ယာမြေများတွင် အခမဲ့ထွန်ယက်စိုက်ပျိုးပေးမှုများလုပ်ဆောင်ပေးလျက်ရှိကြောင်း ကြားသိရသည်။ သို့သော် ပျက်စီးဆုံးရှုံးသွားသော လယ်မြေဧကအရေအတွက်နှင့် ထွန်စက်အရေအတွက် လုံလောက်မှုရှိမည်မဟုတ်ပါ။ ကျွဲ၊ နွားများ၊ လူအင်အားတို့ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့အတွက် အကူအညီများလိုအပ်လျက်ရှိပါသည်။ အားလုံးက ပူးပေါင်းလုပ်ဆောင်မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် လျင်မြန်စွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မိမိတို့တတ်စွမ်းသမျှ စာသင်ခုံတစ်စုံအတွက်ဖြစ်စေ၊ ရေတွင်းတစ်တွင်းအတွက်ဖြစ်စေ၊ ပြန်လည်ထူထောင်ရေးတွင် ပါဝင်ကူညီကြခြင်းဖြင့် ကုသိုလ်ရယူနိုင်ကြမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## မြို့နယ် ၂၆ မြို့နယ်တွင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဖော်ဆောင်

**နေပြည်တော် ဩဂုတ် ၁၄**

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် Pact Global Microfinance Fund (PGMF) တို့အကြား Second Addendum ရေးထိုးပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၁ နာရီက နေပြည်တော်သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ငွေရေးကြေးရေး ကြီးကြပ်စိစစ်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ Pact Global Microfinance Fund (PGMF) မှ President & Chief Operating Officer, Mr. Fahmid Karim Bhuiyaနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သမဝါယမဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာစကားပြောကြားသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် PGMF တို့သည် ၂၅-၁-၂၀၁၃ ရက်မှစ၍ MoU ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါမြို့နယ် ၂၆ မြို့နယ်တွင် အသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အခမ်းအနားတွင်UNDP မှလွှဲပြောင်းပေးခဲ့သည့် မြို့နယ် ၂၅ မြို့နယ်နှင့် PGMF မှ လက်ရှိဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၂၆ မြို့နယ်ပေါင်းစည်းခြင်းအတွက်လက်မှတ် ရေးထိုးခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်နိုင် ခဲ့ခြင်းကြောင့် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကျီကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွင်းမှ ရွှံ့ညွန်များ ရှင်းလင်း

**ချောင်းဦး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျီကုန်းကျေးရွာတွင် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ခဲ့ရာမှ မုံရွာမြို့နယ်အတွင်းရှိ တောင်ပုံရေတံခါး ကျိုးပေါက်ခဲ့သည့်အတွက် ရေနစ်မြုပ်ခဲ့ရာ အခြေခံပညာ အထက်တန်းကျောင်းခွဲလည်း ရေနစ်မြုပ်ခဲ့ပါသည်။

အဆိုပါ ကျီကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ဩဂုတ် ၁၃ ရက်က မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း ဦးဆောင်သော အဖွဲ့က ကျောင်းဝင်းအတွင်းရေများကို ရေစုပ်စက်များဖြင့် ထုတ်ယူပေးခြင်း၊ စာသင်ခန်းများအတွင်း၌ တင်ကျန်ခဲ့သော ရွှံ့ညွန်များကို ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



"ကျီကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲနေရာက ရွာရဲ့ မြေနိမ့်ပိုင်းမှာရှိတဲ့အတွက် လူနေအိမ်တွေက ရေကျသွားပေမယ့်လည်း ကျောင်းဝင်းအတွင်းမှာ ရေကအိုင်နေပါတယ်။ တော်တော်နဲ့ ရေပြန်မကျဘဲဖြစ်နေတာပါ။ အခုလို သက်ဆိုင်ရာက ကျောင်းဝင်းအတွင်းရေတွေကို စုပ်ထုတ်ပေးပြီး စာသင်ခန်းထဲမှ ရွှံ့ညွှန်တွေ ရှင်းလင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဩဂုတ် ၁၆ ရက်မှာ ကျောင်းပြန်ဖွင့်လှစ်နိုင်မှာ ဖြစ်ပါတယ်"ဟု ကျောင်းဆရာ ဦးစန်းလှိုင်က ပြောသည်။

**ယုယုဝင်း (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၉.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၈.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂.၉၂ |

ခင်ရတနာ-စုစည်းသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လူငါးဦးပါ မိသားစုအတွက် ထောက်ပံ့ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံးကြီးများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားစဉ်။** (ဝဲပုံ) (သတင်းစဉ်)

## ❀ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ရေဘေးသင့် အိမ်ထောင်စုများအား လှူဒါန်းမည့် ဉာဏ်တော်အမြင့် ကိုးလက်မရှိ ဗုဒ္ဓဆင်းတုတော်များအား ကြည်ညိုပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မည့် ပြန်လည်ထူထောင်ရေး အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဦးအုန်းမြင့်တို့က ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးရောက်ရှိရေး ဆောင်ရွက်ထားမှု အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဆင်းတုတော်အဆူ ၇၀၀ နှင့် လူငါးဦးပါ မိသားစုတစ်စုအတွက် ထောက်ပံ့ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံးကြီး ၁၀၀ ကို မုံရွာမြို့မှ တစ်ဆင့် ကလေးမြို့သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မည့် ပြန်လည်ထူထောင်ရေး အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (ဝဲပုံနှင့် အောက်ဆုံးပုံ) (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၁/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)**

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်ကြီးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂) | ဦးဉာဏ်ထွန်းအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| (၃) | ဦးဇေယျာအောင်<br>ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန |

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **(မြန်မာ့အလင်း)**



ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မည့် ပြန်လည်ထူထောင်ရေးအထောက်အကူပြုပစ္စည်းများကို တွေ့ရစဉ်။ သတင်း-စာမျက်နှာ ၃ (သတင်းစဉ်)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် နေပြည်တော်အလှူခံဌာန၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် သဘာဝဘေးသင့်ဒေသများအား ကူညီထောက်ပံ့ရေးကော်မတီက အလှူငွေကျပ် ၅၀၀၀၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်အလှူငွေစာရင်းအမှတ် (CF-002301) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခြင်းအပါအဝင် မြန်မာအလှူငွေ စုစုပေါင်းငွေကျပ် ၁၁၁၃၈၁၃၀၀၊ အမေရိကန်ဒေါ်လာ ၄၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်တို့က လက်ခံယူကာ ကျေးဇူးတင်စကားများပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဩဂုတ် ၁၄ ရက်တွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ အလှူငွေကျပ် ၆၆၉၅၀၀၀၀၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၁၅၄၄၀၀၀၀၀၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးတွင် အလှူငွေကျပ် ၂၀၀၀၀၀၀၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို စေတနာရှင်ပြည်သူများမှ လာရောက်လှူဒါန်းခဲ့ရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၄ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၁၂၉၂၆၂၁၂၅၂၀၊ အမေရိကန်ဒေါ်လာ ၅၀၆၆၉၆ ဒသမ ၆၇၊ ထိုင်းဘတ် ၈၉၁၀၀၊ မလေးရှားရင်းဂစ် ၂၀၀၀ ဖြစ်သည်။ လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တောင်ကိုရီးယားနိုင်ငံ သံအမတ်ကြီး Mr.Lee Baek-soon ဦးဆောင်သည့်အဖွဲ့အား ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၄**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးချုပ်၏ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပေဒဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Internatoional Symposium on Constitutional Complaints ) သို့ တက်ရောက်ရန်အတွက် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါက်တာ သီတာဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်နှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါ်ကျင်စန်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၄**

ဘာဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်း လေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပို့ပေးလျက်ရှိသည်။

ယင်းသို့ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေ သုံးခေါက်ဖြင့် ဆန်အိတ်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းနှင့် အဝတ်အထည်များကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သမဝါယမမိသားစုများက ရေဘေးသင့်ဒေသများသို့ အလှူငွေ၊ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် သမဝါယမကဏ္ဍက တစ်တပ်တစ်အား ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁ ရက်က ပွင့်ဖြူမြို့ ကံသာကြီး ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများသို့ ငွေကျပ် ၁၃၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ဩဂုတ် ၅ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ရေဘေးအလှူငွေကျပ် ၉၄ သိန်းကျော်ကို လည်းကောင်း လှူဒါန်းခဲ့သည်။

ထို့အတူ ဩဂုတ် ၈ ရက်က ငွေကျပ် ၁၉ ဒသမ ၃၆ သိန်းတန်ဖိုးရှိ ဆန် ၄၆ အိတ်နှင့် စားသောက်ကုန်ပစ္စည်းများကို ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်ရှိ ရေဘေးသင့် သမဝါယမ အသင်းသားများထံသို့ လည်းကောင်း၊ ဩဂုတ် ၁၃ ရက်က စေတုတ္တရာ၊ ပွင့်ဖြူ စလင်းမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ ဆန်အိတ် ၃၀၀ ကို လည်းကောင်း၊ ကလေးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၆၄ ဒသမ ၇၅ သိန်းတန်ဖိုးရှိ ဆန် ၁၅၅ အိတ်ကို လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ဩဂုတ် ၁၄ ရက်အထိ သမဝါယမမိသားစုများက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၂၆၉ ဒသမ ၄၁ သိန်းဖြစ်ပြီး ရေဘေးသင့်ဒေသများရှိ အသင်းသား ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ပံ့ပိုးချေးငွေများ ထပ်မံထုတ်ချေးပေးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် နှစ်ဝက်လေ့လာသုံးသပ်သည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံခြားအကူအညီ အထောက်အပံ့များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ လုပ်ငန်းကဏ္ဍအဖွဲ့များနှင့်ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြား တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (3rd Myanmar Development Cooperation Forum- 3rd MDCF) ၏ နှစ်ဝက်လေ့လာသုံးသပ်သည့် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အစည်းအဝေးသို့ နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုဖိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် အမေရိကန်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးမှုအေဂျင်စီမှ Mr. Charis Milligan တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ၂၀၁၅ နေပြည်တော် ကြေညာချက်လုပ်ငန်းအစီအစဉ် ကာလဝက်သုံးသပ်မှု၊ နိုင်ငံခြားအကူအညီ အထောက်အပံ့များ၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်အရ ကိန်းဂဏန်း အချက်အလက်များရရှိမှု၊ သုံးသပ်မှုနှင့် ထုတ်ယူသုံးစွဲပြီး ငွေအခြေအနေတို့ကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာအဖွဲ့များ၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ် အဖွဲ့အစည်း (MDRI) မှ ဒေါက်တာဇော်ဦးက စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင် (၂၀၁၂-၂၀၁၅) အကောင်အထည်ဖော် မှု အစီရင်ခံစာမူကြမ်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ သိရှိလိုသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ Mr. Toily Kurbanov တို့က နိဂုံးချုပ်စကားပြောကြားကြသည်။

ယခုအစည်းအဝေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား နိုင်ငံခြားအကူအညီ အထောက်အပံ့များအပေါ် အားနည်းချက်၊ အားသာချက်များနှင့် စပ်လျဉ်း၍ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ နှစ်ဝက်လေ့လာသုံးသပ်သည့် အစည်းအဝေးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထောက်ပံ့ရေးပစ္စည်းများအား တမူးခရိုင် စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်တစ်ဝန်း၌ ဇွန်နှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် တမူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအချို့ ရေနစ်မြုပ်ပြီး ရေဘေးဒဏ် ခံစားခဲ့ကြရသည်။

တမူးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသော ရပ်ကွက်၊ ကျေးရွာမှ ကျေးရွာသူကျေးရွာသားများအနေဖြင့် နေအိမ်များ ဆုံးရှုံးခဲ့ရသည့်အပြင် ကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး စားဝတ်နေရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများ အရေးတကြီး လိုအပ်လျက်ရှိရာ ကယ်ဆယ်ရေးပစ္စည်းများအား လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ထောက်ပံ့ပေးမှုများအနက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တမူးမြို့နယ်အတွင်းရှိ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာ ၁၁ ရွာရှိ အိမ်ခြေ ၁၀၇၆ လုံး၊ အိမ်ထောင်စု ၁၁၇၂ စု၊ လူဦးရေ ၆၁၉၄ ဦးအတွက် နိုင်ငံတော်အစိုးရက ပေးပို့လှူဒါန်းသော ဆန်အိတ် ၁၀၀၀ ကို ဩဂုတ် ၁၂ ရက်တွင် သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာများသို့ တမူးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ ဌာနဆိုင်ရာများ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ပို့ဆောင်ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ နိုင်ငံတော်အစိုးရက ပေးပို့လှူဒါန်းသော ဆန်အိတ် ၁၀၀၀ အနက် တမူးမြို့နယ် ရွာသာကျေးရွာ ဘုန်းကြီးကျောင်းနှင့် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်လျက်ရှိသော ရေဘေးသင့် မင်းသမီးကျေးရွာမှ အိမ်ခြေ ၂၈၅ အိမ်၊ အိမ်ထောင်စု ၃၃၀၊ လူဦးရေ ၁၈၄၉ ဦးအတွက် ဆန်အိတ် ၃၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ကုလားပဲသုံးအိတ်၊ ခေါက်ဆွဲခြောက်တစ်ထုပ်၊ ငါးခြောက်ထုပ် ၁၅၀၊ လက်ဖက်ခြောက်နှစ်အိတ်၊ ကြက်ဥတစ်သေတ္တာ၊ ခေါက်ဆွဲခြောက်မျိုးစုံသုံးဖာ၊ စည်သွတ်ဘူးနှစ်အိတ်၊ ရေသန့်ဘူးကြီးများနှင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လှူဒါန်းသော ခြင်ထောင်အလုံး ၁၈၀၊ ဆန်သုံးရက်စာ ကျသင့်ငွေ ၁၂၅၆၇၀၀ ကျပ်တို့အား စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့်အတူ တမူးမြို့နယ် ရွာသာဘုန်းကြီးကျောင်းတွင် ရေဘေးသင့် ရွာသူ ရွာသားများအား ပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

## ၂၄ နာရီ လျှပ်စစ်မီးပြန်လင်းပြီဖြစ်၍ ရခိုင်ပြည်သူများ ဝမ်းသာပျော်ရွှင်

**ပုဏ္ဏားကျွန်း ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ဇူလိုင် ၃၀ ရက်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံအဝင်တာဝါတိုင်နှင့် အောင်ဖြူပြင်ကျေးရွာအနီး တောင်ကုန်းပေါ်ရှိ တာဝါတိုင်နှစ်ခု စုစုပေါင်းတာဝါတိုင်သုံးခု ပြိုလဲပျက်စီးခဲ့ရာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့တို့ သီတင်းနှစ်ပတ်ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြရသည်။

သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့ကြောင့် ပြည်သူများမျှော်လင့်သည်ထက် အချိန်စောလွန်းစွာ ဩဂုတ် ၁၃ ရက်ညနေ ၅ နာရီက ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှ လျှပ်စစ်မီးပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်သူများအနေဖြင့် အတိုင်းမသိဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။ ရိုးမကွန်ပျူ တာမိတ္တူဆိုင်ရှင် ဦးဇော်ငြိမ်းလင်းက "၂၄ နာရီလျှပ်စစ်မီး မမျှော်လင့်ဘဲ ရုတ်တရက်လင်းလာတဲ့အတွက် ဝေးကွာနေသော မိသားစုများနှင့် ပြန်ဆုံရသလို ကြည်နူးဝမ်းသာဖြစ်ရပါတယ်" ဟု ပြောကြားသည်။ **သူ(ပုဏ္ဏားမြီ)**



## မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပအလှူရှင်များမှ လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ ပြည်သူလူထုနှင့် ပြည်တွင်း/ပြည်ပမှ စေတနာရှင်များက အလှူငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိရာ ပြည်သူလူထုများက ယနေ့လှူဒါန်းမှုတွင် အဝတ်အထည် ၃၂ အိတ်၊ (ဓာတ်ဆား အထုပ် ၁၀၀၀ ပါ) နှစ်ဖာ၊ ငါးသေတ္တာ သုံးဖာ၊ ၃၆၀ ဘူး၊ ရေသန့် (၁၂ လုံးပါ) ၃၂ ကတ်၊ ခေါက်ဆွဲခြောက် ၃၅ ဖာ၊ အချိုရည် ၁၀ ဖာ၊ ဗလာစာအုပ် တစ်ဖာ၊ မုန့်ကြွပ်တစ်ဖာ၊ ပန်းကန်/စောင်တစ်ထုပ်နှင့် ဆန်အိတ် ၁၀၅၀ တို့ပါဝင်ကြောင်း သိရသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ယနေ့လှူဒါန်းမှုတွင် ဆန်တန်ချိန် ၅၀၊ အရန်သင့်လူနေအိမ် (Modular House) အခန်း(၅) ခန်း အကျယ်စတုရန်းမီတာ ၁၃၀ ရှိ အလုံး ၃၀၊ အခန်းပေါင်း ၁၅၀၊ သောက်ရေသန့်ကတ် ၁၀၀၀၀၊ ဆိုလာမီးအိမ် ၈၈၈ လုံး၊ T-Shirt အင်္ကျီမျိုးစုံအထည် ၂၀၀၀ နှင့် အရေးပေါ်အသက်ကယ် သေတ္တာအလုံး ၁၀၀၀ တို့ပါဝင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သည့်စာရင်းများအရ သိရသည်။

**(သတင်းစဉ်)**

## ကလေးမြို့၌ ရေဘေးသင့်လယ်ယာများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ထွန်စက်များရောက်ရှိ

**ကလေး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဇူလိုင် ၂၈ ရက်ကစ၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ စိုက်ပျိုးမြေဧက ပေါင်း ၅၀၀၀၀ ကျော် ရေလွှမ်းခဲ့ပြီး ၃၂၈၉၈ ဧက ပျက်စီးခဲ့သည်။ ယခုအခါ ရေပြန်လည်ကျသွားပြီဖြစ်သဖြင့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်အစီးပေါင်း ၈၀ ပေးပို့ခဲ့ရာ ဩဂုတ် ၁၂ ရက် ညနေပိုင်းက ကလေးမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါ ထွန်စက်များကို နတ်ချောင်း၊ ထိုမာ၊ လက်ပံချောင်းနှင့် ကံသာယာကျေးရွာများရှိ ပြန်လည်ထူထောင်ရေးရှေ့တန်းစခန်းများမှတစ်ဆင့် ပြန်လည်စိုက်ပျိုး၍ရသည့် လယ်ယာမြေများမှစတင် ထွန်ယက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# (၄၈)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

ဩဂုတ် ၈ ရက်တွင် ကျရောက်ခဲ့သည့် (၄၈)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ယနေ့နံနက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးဌာနများနှင့် လွှတ်တော်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံအမတ်ကြီးများနှင့် ဇနီးများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အာဆီယံသီချင်းဖြင့် ဖွင့်လှစ်သည်။ ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် မလေးရှားနိုင်ငံကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး မစ္စတာမွတ် ဟာနစ်ဘင် အက်ဘ်ဒူ ရာမန်တို့က အာဆီယံနေ့ အထိမ်းအမှတ် မိန့်ခွန်းများ ပြောကြားကြသည်။ ထို့နောက် အာဆီယံအဖွဲ့အကြောင်း မှတ်တမ်းတင်ရုပ်ရှင်ကားကို ပြသကာ ပညာရေးဝန်ကြီးဌာနမှ ကျောင်းသား၊ ကျောင်းသူများက "ASEAN We are One" နှင့် "Friend to Friend, Hand to Hand" နောက်ခံတေးသီချင်း များဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများက"Spirit of ASEAN" ဖြင့် သီဆိုဖျော်ဖြေကြသည်။




အာဆီယံအသင်းကို (၈-၈-၁၉၆၇)ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး အရှေ့တောင်အာရှ ၁၀ နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။ အာဆီယံ ပဋိညာဉ်စာတမ်းနှင့် အာဆီယံအသိုက်အဝန်း တည်ထောင်ရေး လမ်းပြမြေပုံတို့အရ အာဆီယံအသိုက်အဝန်းသည် ၂၀၁၅ ခုနှစ် နှစ်ကုန်တွင် ပေါ်ထွန်းလာမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၇၉/၂၀၁၄)ရဲကျော်စွာတပ်ခွဲ သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၇၉/၂၀၁၄) ရဲကျော်စွာတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဒုရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးခဲ့သည်။ ထို့နောက် သင်တန်းဆင်းတပ်ခွဲများက ရဲချုပ်အား ချီတက်အလေးပြုပြီးနောက် ရဲချုပ်က ထူးချွန်ဆုရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရဲချုပ်က အမှာစကားပြောကြားရာ၌ ယနေ့ကာလတွင် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသော ရဲတပ်ဖွဲ့မှ အမျိုးသမီးအရာရှိငယ်များသည် ပဋိပက္ခများ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရာမှာ ဖျန်ဖြေပေးသူများ၊ ရာဇဝတ်မှုခင်းများကို ရဲရင့်ထက်မြက်စွာ စုံစမ်းဖော်ထုတ်ပေးသူများ၊ ပြည်သူလူထု၏ နိုင်ငံသားအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို အကြမ်းဖက်မှုများမှ ရဲဝံ့ပြတ်သားစွာ တားဆီးကာကွယ်ပေးသူများ အဖြစ်နှင့် နိုင်ငံအတွက် အရေးပါသည့် အခန်းကဏ္ဍမှ တန်ဖိုးရှိစွာ ပါဝင်ကြရမည်ဖြစ်၍ ၎င်းတာဝန် များကို အချိန်မရွေး ထက်မြက်ထိရောက်စွာ ထမ်းဆောင်နိုင်ရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် အမြဲလေ့ကျင့်ကြရန် လိုကြောင်း။



တရားဥပဒေစိုးမိုးရေးအပိုင်းနှင့် ပတ်သက်ပြီး လိုက်နာကျင့်သုံးရမည့် အချက်များဖြစ်သော အချိန်တိုင်းတွင် ပြည်သူလူထုကို အလုပ်အကျွေးပြုခြင်းနှင့် ဥပဒေနှင့်ဆန့်ကျင်သည့် လုပ်ရပ်များမှ ကာကွယ်ပေးခြင်း၊ လူထုတစ်ရပ်လုံး၏ လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ တပ်ဖွဲ့အင်အားကို လိုအပ်သည့် အချိုးအစား အတိုင်းအတာအထိသာ အသုံးပြုခြင်း၊ မည်သည့်အကြောင်းနှင့်မျှ ညှဉ်းပန်းနှိပ်စက်သည့် လုပ်ရပ်၊ နှိမ့်ချစွာပြုမူဆက်ဆံသည့် လုပ်ရပ်များရှောင်ရှားခြင်း၊ ဥပဒေအရ ဖမ်းဆီးထိန်းသိမ်းထားသူများ၏ ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်ပေးခြင်း၊ အကျင့်ပျက်ခြစားမှုများကို မပြုဘဲ ဆန့်ကျင်တိုက်ဖျက်ခြင်းနှင့် တည်ဆဲဥပဒေ၊ ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာလျက် ရလဒ်ကောင်းများရရှိရေး အလေးထားဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း။

မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စေရန် အတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအမြင်၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန် လိုကြောင်း။

သဘာဝဘေးဒဏ်များကျရောက်နေသော ဒေသများ၌ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍများတွင် ရေဘေးဒုက္ခတွေ့ကြုံနေရသည့် ပြည်သူ့ဘဝများ လုံခြုံရေးအတွက် မိမိတို့တွင်ရှိသည့် အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွား ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၇၉/၂၀၁၄) ရဲကျော်စွာတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၂၀၇ဦးနှင့် အမျိုးသမီး ၁၀၁ ဦး စုစုပေါင်း ၃၀၈ဦး တက်ရောက်ပြီး သင်တန်းဆင်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက် ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၁၄-၈-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ်လျှောက် လေးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့် တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ရှစ်ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၁၅ ဦးတို့ကိုလည်းကောင်း ဂျာနယ်အမည်ပြောင်း တစ်ဦး၊ ဂျာနယ်လိပ်စာပြောင်း တစ်ဦးတို့ကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၁ ဦးနှင့် အသစ်လျှောက်ထားသူ ၂၂၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း အတွက် သက်တမ်းတိုး ၉၈၈ ဦးနှင့် အသစ်လျှောက်ထားသူ ၅၂၂ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ၁၇ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၇၈၂ စောင်ကို စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ တစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ရေလမ်းကြောင်းအကောက်စခန်းဖွင့်

**နေပြည်တော် ဩဂုတ် ၁၄**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစ်ချောင်းရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေအပိုဒ် (၈၉)ပါ ပြဋ္ဌာန်းထားရှိချက်အရ ချင်းတွင်းမြစ်ရေလမ်းကြောင်းတွင် သွားလာနေသည့်ရေယာဉ်များကို ရေလမ်းကြောင်းဖြတ်သန်းခများ ကောက်ခံသွားရန် မုံရွာမြို့ (ချင်းတွင်းမြစ်) ရေလမ်းအကောက်စခန်းကို မုံရွာမြို့၏ အထက်ဘက် ၁၁ မိုင်ခန့်အကွာ ယင်းမာပင်မြို့နယ် ကျောက်မှော်ရွာ ဆိပ်ကမ်း(ချင်းတွင်းမြစ်အနောက်ဘက်ကမ်း)တွင် ဩဂုတ် ၁၈ ရက်မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ရေလမ်းကြောင်းကို အသုံးပြုသွားလာနေကြသော ရေယာဉ်များသည် အကောက်စခန်းများတွင် ရေလမ်းကြောင်းအသုံးပြုခများကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခွန်အခနှုန်းထားများအတိုင်း မပျက်မကွက် ပေးဆောင်ကြရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဦးစီးဌာနတွင်လည်းကောင်း၊ ၎င်းဦးစီးဌာန၏ Website(www.dwir.gov.mm)တွင်လည်းကောင်း စုံစမ်းကြည့်ရှုနိုင်ပါကြောင်း အသိပေးထားသည်။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၃ရက် နံနက် ၆ နာရီက မန္တလေးတိုင်းဒေသကြီး ပုဂံမြို့သို့ ရောက်ရှိပြီး ဘုရားအမှတ် (၈၁၀) ဆွေတော်မျိုးတော်ဘုရား၌ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ပုဂံဘုရားများပရိဝုဏ် အတွင်းရှိ ဆွေတော် မျိုးတော်ကျေးရွာများဖြစ်သည့် ဖွားစော(ရှေ့)၊ ဖွားစော(နောက်)၊ ဖျောက်ဆိပ်ပင်၊ ကုန်းတန်းကြီး၊ သူဌေးကန်ကျေးရွာများမှ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ညောင်ဦးမြို့နယ် အောက်ညဥ့်ကျေးရွာအုပ်စု သူကောင်းတည်ကျေးရွာသို့ရောက်ရှိပြီး မဏိရတနာကျောင်းတိုက်၌ ဖွင့်လှစ်ထားရှိသော ရေဝင်ယာယီပြောင်းရွှေ့အိမ်ထောင်စုများ နားခိုစခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ အိမ်ထောင်စု ၈၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းထောက်ပံ့ ပေးအပ်သည်။ ထို့နောက် စေတနာရှင်ပြည်သူများက ရေဘေးသင့်ပြည်သူ များသို့ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့ ပေး အပ်နေမှုနှင့် ရေဘေးသင့်ကျေးရွာမှ ကျောင်းသား ကျောင်းသူများ၏ ပညာ သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ တိရစ္ဆာန်ကျန်းမာရေး ပြဿနာများ၊ တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သောရောဂါများကြောင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များအတွက် အစာနှင့် ဆေးဝါးများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရေဘေးသင့်ဒေသရှိ အစာနှင့်ဆေးဝါးများလိုအပ်နေသော တိရစ္ဆာန်များအတွက် ဩဂုတ် ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်များသို့ တစ်မြို့နယ်လျှင် အစာ ၄ ဒသမ ၂ တန်နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၁ သန်း ပေးပို့လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျန်ရှိနေသေးသောရေဘေးသင့်ဒေသများသို့ အမြန်ဆုံးဆက်လက်ပေးပို့လျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများသို့ ကွင်းဆင်းကူညီဆောင်ရွက်ရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူပင် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများကလည်း နေ့စဉ် ပေးပို့လှူဒါန်းလျက်ရှိပြီး တိရစ္ဆာန်အစာနှင့် ဆေးဝါးများလှူဒါန်းလိုပါက ဒေါက်တာစိုးဝင်း ညွှန်ကြားရေးမှူး နေပြည်တော် ဖုန်း ၀၆၇- ၄၀၈၁၇၅ ၊ ၀၉-၄၉၂၀၈၇၂၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်တန်း မန္တလေးမြို့သို့ရောက်ရှိ



**မန္တလေး ဩဂုတ် ၁၄**

မြန်မာနိုင်ငံတစ်ဝန်း ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါဒေသများရှိရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပအလှူရှင်များက ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ ဒုတိယအကြိမ်မြောက် ထောက်ပံ့လှူဒါန်းမည့်ပစ္စည်းများ တင်ဆောင်လာသည့် ယာဉ် ၃၃ စီးပါသည့် ယာဉ်တန်းသည် မန္တလေးမြို့ တိုင်းဒေသကြီး လမ်းဦးစီးဌာနဝင်းအတွင်း ရောက်ရှိကာ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တိုင်းဒေသကြီး လမ်းဦးစီးဌာန ဧည့်ရိပ်သာ၌ကျင်းပရာ ယူနန်ပြည်နယ်အစိုးရ နိုင်ငံခြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ms. Wu Weidong နှင့် မန္တလေးမြို့ အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Wang Yu တို့က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်ပြီး ယူနန်ပြည်နယ်အစိုးရ နိုင်ငံခြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ms. Wu Weidong နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်တို့က ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းလွှာတွင် လက်မှတ်ရေးထိုးကြသည်။

ရေဘေးသင့် ပြည်သူများအား ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်မည့် ယာဉ်တန်းဖြင့် ဆန်တန်ချိန် ၅၀၊ အရန်သင့်လူနေအိမ် (Modular House) အခန်းငါးခန်း အကျယ် ၁၃၀ စတုရန်းမီတာရှိ အလုံး ၃၀၊ သောက်ရေသန့်ကတ် ၁၀၀၀၀)၊ ဆိုလာ မီးအိမ် ၈၈၈ လုံး၊ T-Shirt အင်္ကျီမျိုးစုံ ၂၀၀၀၊ အရေးပေါ် အသက်ကယ်သေတ္တာအလုံး ၁၀၀၀ ဖြစ်ကြောင်း သိရသည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အစိုးရအနေဖြင့် မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၇ ရက်က ပထမအကြိမ်အဖြစ် ကားကြီး ၁၄ စီးဖြင့် ဆန်တန်ချိန် ၁၀၀၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀၀၀၊ မိုးကာတဲ ၁၀၀၀၊ နို့မှုန့်ဖာ ၅၀၀ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်နှင့် ယခုဒုတိယအကြိမ်ထောက်ပံ့လှူဒါန်းမှုမှာ စုစုပေါင်းတန်ဖိုး ယွမ်ငါးသန်းရှိကြောင်းသိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ရေကြီးနစ်မြုပ် ပျက်စီးရထားလမ်းပိုင်းများ ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာ့မီးရထား တိုင်းအမှတ် (၇) ကွမ်းတောင်-ကျောက်တော်လမ်းပိုင်း ရေတိုက်စားထားသော စစ်တွေ-ဇောပူဂျာ မိုင် (၄/၅-၆) ၌ သဲအိတ် ၁၇၂ အိတ်၊ မိုင် (၄/၆-၇) ၌ သဲအိတ် ၂၇၄ အိတ် စုစုပေါင်း ၄၄၆ အိတ် စီထပ်ထားခြင်းနှင့် အောင်ဖြူပြင်-ယိုးတရုတ်ကြား မိုင် (၂၀/၃-၄) တွင် ကျောက်ကြီး ၁၇ ဒသမ ၅ ကျင်းချခြင်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

တိုင်းအမှတ် (၁၀) ပခုက္ကူ-ကျောလမ်းပိုင်း၊ ကျောသာ-ဝါးပင်ကြား မိုင် (၅၇၂/၃-၅)ရှိ တောင်ပြိုနေရာ၌ ၁၅ ပေပတ်လည် ကျောက်တုံးပြိုကျမှုကြောင့် ၇၅ ပေါင် သံလမ်းနှစ်ချောင်းနှင့် ဘေးထိန်းသံလမ်းကွေးကောက်သွားသဖြင့် သံလမ်းများအစားထိုးလဲလှယ်ပြီးပါက ဩဂုတ် ၁၄ရက် ညနေ ၄ နာရီခန့်တွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းအမှတ် (၄) ရွှေညောင်-တောင်ကြီးလမ်းပိုင်း၊ ရွှေညောင်- ထီသိမ်ကြား မိုင် (၄၁၇/ ၃- ၄) ၌ အင်ဂျင်နီယာ (သံလမ်း/ရွှေညောင်)နှင့် လုပ်သား ၁၅ ဦးပါ အဖွဲ့က တောင်ပြိုမြေများ ရှင်းလင်းဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၃ ရက် နံနက် ၈နာရီ ၄၆ မိနစ်က လမ်းပိုင်းပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျေးလက်ရေရရှိရေး လုပ်ငန်းများ စတင်ဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ခုတ်ခွားကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို 3K Star Power ကုမ္ပဏီက လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူး (အငယ်တန်းအင်ဂျင်နီယာ-၂) ဦးစောအောင်မျိုးမြင့်နှင့် ရုံးအဖွဲ့များက ကွင်းဆင်းစစ်ဆေးသည်။ **မျိုးမင်းဦး (ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပို့ဆောင်နေမှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန် စေတနာရှင် ပြည်သူများ လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို နေပြည်တော် (ပျဉ်းမနား) ဘူတာမှ ရထားတွဲများဖြင့် ပဲခူးဘူတာကြီးသို့ ပို့ဆောင်ပေးမှုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လာရောက်ကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများမှာ ဆန် ၂၄ ပြည်အိတ် ၄၇၂ အိတ်၊ ဆန် ၁၂ ပြည်အိတ် ၁၀၀၊ စားသောက်ကုန်၊ လူသုံး ကုန်နှင့် အဝတ်အထည်အပါအဝင် စုစုပေါင်းတန် ၄၀ ခန့်ကို ရထားတွဲသုံးတွဲဖြင့် နေပြည်တော်မှ ပဲခူးဘူတာသို့ ဩဂုတ် ၁၃ ရက်က ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန် စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဆန်အိတ်ကြီး ၃၂၄ အိတ်၊ ဆန်အိတ်သေး ၃၃၁ အိတ်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် စုစုပေါင်း ၃၂ တန်ခန့်ကို ဒုတိယဝန်ကြီး ဦးမြင့်သိန်း၏ ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ့မီးရထားကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန)၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး (စက်ဆန်း) ဘူတာမှ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့သို့ ဩဂုတ် ၁၃ ရက်က ကုန်းလမ်းပို့ဆောင်ရေးပိုင် မော်တော်ယာဉ်ငါးစီးဖြင့် ပို့ဆောင်ပေးပို့နိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**



ညောင်တုန်းမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ရန်ကုန်တိုင်းဒေသကြီး (စက်ဆန်း)ဘူတာမှ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

❒ ကျောဖုံးမှ

Double Single ယာယီထိုးပါမယ်။ DSE တံတားအထူးအဖွဲ့(၅)ဦးကျော် သူတို့ကို တာဝန်ပေးထားပါတယ်" ဟု ပြောကြားသည်။

ထို့အပြင် အဆိုပါလမ်းမပေါ်ရှိ ချင်းဆိုင်နှင့် ဇင်းကလင်းကျေးရွာ လမ်းမပေါ်၌ရှိသည့် ဇင်းကလင်းတံတားတောင်ဘက် ချဉ်းကပ်လမ်း ရေတိုက်စားသွားသည့် နေရာ၌ ယာယီဘေလီတံတား တည်ဆောက်လျက်ရှိသည်။ ရေတိုက်စားသည့် ရေလမ်းကြောင်းပြောင်းသည့်နေရာများ၌လည်း ယာယီဘေလီတံတား တစ်စင်းနှင့် သစ်သားတံတားများ တည်ဆောက်လျက်ရှိပြီး ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် ဆောက်လုပ်ရေးဌာနက အရှိန်အဟုန်ဖြင့် တာဝန်ယူ ဆောက်လုပ်လျက်ရှိရာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**


# ရေဘေးသင့် စာသင်ကျောင်းများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းနိုင်


**နေပြည်တော်  ဩဂုတ်  ၁၄**


ရေဘေးသင့်စာသင်ကျောင်းများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် မိမိလှူဒါန်းလိုသော အလှူငွေနှင့် ပစ္စည်းများကို ဒေါ်ဝင်းဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၉-၄၂၀၁၃၃၁၆၉၊ ၀၆၇-၄၀၇၆၉၀နှင့် ဒေါက်တာဥမ္မာသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန၊ နေပြည် တော် ဖုန်း-၀၉-၅၁၇၉၉၅၀ တို့ထံ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်သည်။

လှူဒါန်းနိုင်သော ကျောင်းဆောင်အမျိုးအစားနှင့် တန်ဖိုးတို့မှာ ပုံတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်-




(သတင်းစဉ်)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော်  ဩဂုတ်  ၁၄

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅. ၀၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၂၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၉၁' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၁၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၀၀' |
| ၆။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၄၀' |
| ၇။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၀. ၈၀' |
| ၈။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၁၀' |
| ၉။ | ကိုးပင်ကန် | ၉၇၆၄ | ၃. ၁၀' |
| ၁၀။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၉၀' |
| ၁၁။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၄၅' |
| ၁၂။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၇၀' |
| ၁၃။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၆၀' |
| ၁၄။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၀၀' |
| ၁၅။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၆၀' |
| ၁၆။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၇။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၂၀' |
| ၁၈။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၉။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၂၀။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၂၁။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၆၀' |
| ၂၂။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၃။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၂၄။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၂၀' |
| ၂၅။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၉၉' |
| ၂၆။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၇။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၁၀' |
| ၂၈။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၀' |
| ၂၉။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၀' |
| ၃၀။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၈၀' |
| ၃၁။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၇၀' |
| ၃၂။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၈၀' |
| ၃၃။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၄။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၃၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၆။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၆၀' |
| ၃၇။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၈။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၂၅' |
| ၃၉။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၃၀' |
| ၄၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၉၀' |

(သတင်းစဉ်)



ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းနေစဉ်။

(မြန်မာ့အလင်း)

# ဩဂုတ် ၉ ရက်မှစ၍ ကလေးမြို့ဆေးရုံကြီးတွင် အတွင်း/အပြင် လူနာများအား လက်ခံကုသပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သော မြို့နယ်များတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ကလေးမြို့ကယ်ဆယ်ရေးစခန်း ၁၂ ခုတွင် ဇူလိုင် ၂၉ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်၍ လည်းကောင်း၊ အထူးကုဆရာဝန်ကြီးများပါဝင်သော ရွေ့လျားဆေးခန်း (Mobile Clinic) များဖွင့်၍ ရပ်ကွက်၊ ကျေးရွာများအထိလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(Rapid Response Team) မှလည်း ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေတွင်း ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စများဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါများဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့သည် ဩဂုတ် ၁၃ ရက်အထိ ကလေးမြို့ ကယ်ဆယ်ရေးစခန်း(၁၂) ခုနှင့် ကလေးမြို့နယ်တွင်းရှိ ထောက်ကြန့်၊ ထိုမာ၊ ဇင်းကလင်း၊ ကြာအင်း၊ ကျောင်းတိုက်၊ ချင်းဆိုင်၊ ကံဦး၊ ကနန်၊ ဆည်တော်ဦး၊ ချမ်းမြေ့အောင်စည်၊ အောင်မင်္ဂလာသာစည်၊ နတ်မြောင်း၊ နတ်ချောင်း၊ ချောင်းခွ၊ ကျီကုန်း၊ မော်လိုက်ကလေး၊ အောင်မြင်သာ၊ ကျားမင်း၊ ဆင်ရွာ၊ ကျောက္ကာ၊ နတ်ကြီးကုန်း၊ အင်းဒင်၊ ပေါက်တော၊ လက်ပံချောင်း၊ ပျဉ်းတောဦး စသည့် ရပ်ကွက်၊ ကျေးရွာပေါင်း ၃၀ ကျော်ရှိ လူနာ ၁၁၄၆၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကာ ရေတွင်း၊ ရေကန်၊ ရေတုံကင်နှင့် ရေထွက်ပင်ရင်း စုစုပေါင်း ၂၃၀၄ တွင်းကို ကလိုရင်းဆေးခတ်ပေးနိုင်ခဲ့ပြီး ကလေးမြို့ဆေးရုံကြီးတွင်လည်း ဩဂုတ် ၉ ရက်မှစ၍ အတွင်း/အပြင်လူနာများအား လက်ခံကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၄ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၄၀၁၄ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၆၁ |
| ၅။ | ချင်းပြည်နယ် | ၄၄၂၆ | ၄၀၈၉ | ၄၀၈၉ | ၂၂၀၅ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၆၅၀ | ၁၈၂၄၃၈ | ၁၄၁၆၈၀ | ၁၀၁၈၄၇ | ၁၈၁၃၉ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၀၁၆၉၆ | ၁၅၀၄၆၉ | ၅၉၃၃၇ | ၃၈၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၈၈၆ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၁၈၅၁၇ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၀၆၇၆ | ၅၂၂၁၈ | ၅၁၂၇၈ | ၆၄၆၀ | ၁၀၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၂၉၉၃ | ၁၂၇၇၃ | ၃၄၈၁ | ၂၁၇၄ | ၂၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၂၉၃၅၆၄ | ၉၉၁၀၇ | ၈၂၁၀၄ | ၆၀၂၄၅ | ၁၉၆၃ |
| | စုစုပေါင်း | ၁၄၁၃၂၇၀ | ၁၀၈၀၀၆၂ | ၈၂၂၀၆၀ | ၅၂၈၃၃၂ | ၁၄၅၂၇၇ |

**ရေလွှမ်းမိုးမှုမတိုင်ခင် မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၄ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခု၌ လည်းကောင်း၊ ဇူလိုင်၁၆ရက်မှ ဩဂုတ် ၁၄ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၃၄၃၇၅၉ စုမှ လူဦးရေ ၁၄၉၁၀၄၉ ဦး ရေဘေးသင့်ခဲ့ပြီး ၁၀၆ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃၇၆၈၇၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၄၉၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေ ၃၀၆၂၇၀၄၂၈ ကျပ်နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၉၀၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေ ၅၇၄၁၃၃၄၀၈ ကျပ်ကို ပေးပို့ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ


၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၄- ၈ -၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၀၀ | ၆၅၆၄၉ | ၃၃၆၉၀၄ | ၁၄ | ၃၉၈၇၃၁၅၀ | - | ၁၇၅၀၀၀၀ | ၃၈၂၇၅၅၀၀ | ၁၀၀၀၀၀၀ | ၈၀၈၉၈၆၅၀ | |
| ၂ | ကချင်ပြည်နယ် | ၅၀ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၀၇ | ၁၄၆၂ | ၇၅၀၆ | ၉ | - | - | - | ၅၁၀၀၅၂၂ | ၅၀၀၀၀၀ | ၅၆၀၀၅၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၅ | ၁၅၂၄၈ | ၁၁ | ၉၄၃၆၇၀၀ | - | ၄၉၀၀၀၀၀ | ၂၈၁၉၂၄၀၄ | ၁၁၀၀၀၀၀ | ၄၃၆၂၉၁၀၄ | |
| ၅ | ချင်းပြည်နယ် | ၂၂၉၇ | ၂၆၉၉ | ၁၃၄၇၂ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၁၂၅ | ၄၁၂၂၃ | ၁၆၁၅၈၄ | ၂ | - | - | - | ၂၈၈၂၉၈၂၀ | - | ၂၈၈၂၉၈၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၁ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၃၄၁ | ၁၁၁၈၉၆ | ၄၅၂၂၆၀ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၅၈၉၃ | ၆၂၉၁၆ | - | ၁၆၆၅၀ | - | - | ၁၅၄၆၃၂၆၀ | - | ၁၅၄၇၉၉၁၀ | |
| | **စုစုပေါင်း** | **၁၄၈၉၃** | **၃၂၆၃၁၅** | **၁၄၇၆၁၃၈** | **၉၉** | **၉၀၂၂၁၄၀၀** | **၁၁၄၅၁၄၅၀** | **၁၀၉၅၅၀၀၀၀** | **၂၉၀၅၆၄၈၄၈** | **၈၃၀၀၀၀၀** | **၅၁၀၀၈၇၆၉၈** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၅၂၉၈** | **၃၂၈၄၆၁** | **၁၄၉၁၀၄၉** | **၁၀၆** | **၉၃၇၆၈၇၅၀** | **၁၅၂၄၄၂၃၀** | **၁၄၉၈၅၀၀၀၀** | **၃၀၆၂၇၀၄၂၈** | **၉၀၀၀၀၀၀** | **၅၇၄၁၃၃၄၀၈** | |

# ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်ကစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ် လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **(သတင်းစဉ်)**




# တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်သုံးခု နေရာကွက် မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၁၅ ရက်တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# နေ့စဉ်ရေတိုးဝင်လာမှုကြောင့် ကျုံပျော်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများ ထပ်မံဖြစ်ပေါ်လျက်ရှိ



**ကျုံပျော် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဒါးကချောင်းရေနှင့် မြစ်ရေများ တိုးဝင်လာမှုကြောင့် ချောင်းနံဘေးကျေးရွာများနှင့် အနိမ့်ပိုင်းကျေးရွာများတွင် ရေဝင်ရောက်မှုများထပ်မံဖြစ်ပေါ်လျက်ရှိပြီး ဩဂုတ် ၁၃ ရက်အထိ စာသင်ကျောင်း ၁၉ ကျောင်းနှင့် နေအိမ် ၂၂၇ လုံးတို့တွင် ရေဝင်နစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်နေအိမ်များမှ လူဦးရေ ၈၈၃ ဦးတို့ကို ရေဘေးကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးစခန်းငါးခုတွင် ရွှေ့ပြောင်းဆောင်ရွက်ပေးထားကာ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးနှင့်လုံခြုံရေးတို့ကို မြို့နယ်မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များကလည်း နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ အလှူရှင်များကလည်း နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကျုံပျော်မြို့နယ်အတွင်း စီးဝင်လာသောရေပမာဏမှာ နေ့စဉ်များပြားလျက်ရှိသောကြောင့် အနိမ့်ပိုင်းကျေးရွာများ၏ လယ်များတွင် ရေဝင်နစ်မြုပ်မှုများ ထပ်မံဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကောလင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ထပ်မံဖြစ်ပွား

**ကောလင်း ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ မြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် လူ၊ တိရစ္ဆာန်များ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက ဘေးအန္တရာယ်မဖြစ်စေရေးနှင့် သွားလာမှုအဆင်ပြေစေရေးအတွက် ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း။

ဝါးရုံးတုံး၊ ကရာကုန်း၊ နန္တင်းတော၊ မင်းချမ်း၊ သရက်ခုံ၊ ညောင်ဝန်းအုပ်စုများတွင် ထပ်မံစိုက်ပျိုးထားသောလယ်မြေများ ရေကြီးနစ်မြုပ်လျက်ရှိကြောင်း၊ ယမန်နေ့ ည ၇ နာရီ ခွဲအထိ ရေများ လျော့နည်းခြင်းမရှိသေးသဖြင့် ဘေးအန္တရာယ်မရှိစေရေးစောင့်ကြည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အင်္ဂပူမြို့၌ ရေများပြန်ကျနေပြီဖြစ်၍ လျှပ်စစ်ဓာတ်အားများ ပုံမှန်ဖြန့်ဝေပေးလျက်ရှိ

**အင်္ဂပူ ဩဂုတ် ၁၄**

အင်္ဂပူမြို့၌ ဧရာဝတီမြစ်ရေနှင့် ငဝန်မြစ်ရေများ ဝင်ရောက်မှုကြောင့် ရပ်ကွက်၊ ကျေးရွာအချို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ မီတာများ ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် ဓာတ်အားများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းကစတင်ပြီး ယာယီဖြတ်တောက်ခဲ့သည်။

ယခုအခါ အင်္ဂပူမြို့နယ်အတွင်းရှိ ရေများ ပြန်လည်ကျဆင်းသွားသောရပ်ကွက်၊ ကျေးရွာများသို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးထွန်းဦးဆောင်သော လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများကသွားရောက်ပြီး အိမ်သုံးလျှပ်စစ်မီတာများ ပြန်လည်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းများ ပြန်လည်ချိတ်ဆက်ခြင်းလုပ်ငန်းများကို ဩဂုတ် ၁၃ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် ဓာတ်အားများကို ပုံမှန်အတိုင်း ပြန်လည်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုမည်

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေတွင် ယနေ့ လှိုင်းအသင့်အတင့်ရှိမည်။


နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**



# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် မည်သည့်အခါမျှ ဆွံ့အ မနေသင့်

**ဆောင်းပါး - မောင်မောင်ထွေး**

ဒီမိုကရေစီနိုင်ငံတိုင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ကို တန်ဖိုးထားကြသည်။ ပစ္စုပ္ပန်မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရွေ့တစ်ခုတွင်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့် အထိုက်အလျောက်ရရှိလာသည်မှာ ငြင်းနိုင်ဖွယ်မရှိပေ။

နိုင်ငံတော်အဆင့် Stakeholder များနှင့် ဝန်ကြီးဌာနများမှသည် အဖွဲ့အစည်း အဆင့်ဆင့်အထိ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေး၍ ၎င်းတို့၏ မူဝါဒ၊ ရပ်တည်ချက်နှင့် သဘောထား အမြင်များကို ပြည်သူများထံ ချပြမှုများရှိသကဲ့သို့ အောက်ခြေ သာမန်ပြည်သူများကလည်း နိုင်ငံတော်နှင့် အထက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်တိုင်းကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုဝေဖန်နိုင်ကြသလို လူမှုကွန်ရက်စာမျက်နှာထက်တွင်လည်း လွတ်လပ်စွာထုတ်ဖော်ရေးသားနိုင်ပြီဖြစ်သည်။ အချို့ဆိုမူ လွန်လွန်ကဲကဲ အယုတ္တ အနတ္တဆဲဆိုမှုများပင်တွေ့မြင်နေရသည်။

သို့တစေ ပြည်သူအများစုသည် ပကတိပြင်ပနယ်ပယ်အသီးသီးတွင်မူ ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိထိရောက်ရောက် အသုံးမချနိုင်ကြသေးသည်ကို လေ့လာတွေ့မြင်ရသည်။

ဤသည်မှာလည်း မြန်မာလူမျိုးတို့၏ ပင်ကို အားနာမှုအပြင် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်နောက်ပိုင်း ခေတ်အဆက်ဆက်က ကျင့်သုံးခဲ့သည့် နိုင်ငံရေးစနစ်တို့ကြောင့် ပြည်သူတို့၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များ ဆွံ့အနေရခြင်းကလည်း တစ်ကြောင်းပါဝင်ပေလိမ့်မည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆို ရေးသားခွင့်များ ပျောက်ဆုံးလာသည်နှင့်အမျှ လွတ်လပ်စွာ ငြင်းခုံဆွေးနွေးမှုများလည်း ပျောက်ကွယ်လာသည်။ တစ်ဆက်တည်းမှာပင် လွတ်လပ်ကျယ်ပြန့်သောအတွေးအမြင်များလည်း ဆုံးရှုံးလာခဲ့ပေသည်။ အဆိုးရွားဆုံး နောက်ဆက်တွဲဆိုးကျိုးကမူ မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း ထင်ရာစိုင်းတတ်သည့် အဓမ္မဝါဒနှင့် အဓမ္မဝါဒီသမားများ အားကောင်းလာခြင်းဖြစ်သည်။ ထိုသောအခါ အပြစ်မဲ့ပြည်သူတို့၏ လူမှုဘဝများစွာကို ဆိုးကျိုးများဖြစ်ပေါ်လာစေသည်။

လတ်တလော ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့မှ လားရှိုးမြို့သို့ ထွက်ခွာလာသည့် ရွှေလီဦးအဝေးပြေးကားသည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၁၀၅ မိုင်နှစ်ဖာလုံ၌ ယာဉ်တိမ်းမှောက်မှုဖြစ်ခဲ့ရာ ဩဂုတ် ၁၁ ရက်အထိ အပြစ်မဲ့ခရီးသည် စုစုပေါင်း ကိုးဦးသေဆုံးကာ ၂၅ ဦးဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဩဂုတ်၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ခရီးသည်နှင့်မျက်မြင်ကိုယ်တွေ့သူတို့၏ ဖော်ပြချက်များအရ ကားကအရှိန်များများမောင်းနှင်မှုကြောင့်ဟု သိရသည်။ မည်သို့ဆိုစေ ပစ္စုပ္ပန် မြန်မာ့လူမှုနယ်ပယ်အသီးသီးတွင် ပရော်ဖက်ရှင်နယ်မပီသသော အပြုအမူများ ပိုမိုများပြားလာသည်ကတော့ အမှန်ပင်။

ထိုကဲ့သို့ ပရော်ဖက်ရှင်နယ် မပီသမှုတို့ကို ပြည်သူများ လွတ်လပ်စွာထုတ်ဖော် ကန့်ကွက်ပြောဆိုမှုများကလည်း မရှိသလောက် နီးပါးပင်။ လူသားတစ်ယောက်၏ မွေးရာပါအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို အဆုံးရှုံးခံခဲ့ကြ၏။

၁၉၉၄ ခုနှစ်က အဆိုပါ ပရော်ဖက်ရှင်နယ်မပီသသည့် ဖြစ်စဉ်တစ်ရပ်နှင့် စာရေးသူကြုံဖူးသည်။ သူငယ်ချင်းဖြစ်သူပိုးထိ၍ သူနေထိုင်ရာ ဒေးဒရဲမြို့နယ် အုန်းပင်စုကျေးရွာသို့ ကွမ်းခြံကုန်းမြို့မှတစ်ဆင့် စက်တပ်မော်တော်ငယ်ဖြင့် တိုးမြစ်ကိုဖြတ်ကူးကာ သွားရောက်ခဲ့၏။

တိုးမြစ်လယ်အရောက်တွင် မော်တော်ငယ်က လူးလိမ့်ပါတော့သည်။ လက်ရှိမောင်းနှင်နေသူ မော်တော်ဆလင်၏ ဘေးမှလူက "ရလား မရရင် ငါပဲ မောင်းတော့မယ်"ဟု ဆိုလိုက်၍ "ခင်ဗျားတို့ထဲကဘယ်သူကဆလင်လဲ"ဟု မေးလိုက်ရာ ဘေးမှလူက "ကျွန်တော်ပါ၊ သူ့ကိုခဏသင်ပေးနေတာပါ"ဟု စာရေးသူ၏အမေးကိုပြန်ဖြေသည်။

ခရီးသည်များ၏ အသက်ပေါင်းများစွာကိုရင်း၍ လောင်းကြေးထပ်သောသူတို့၏ ပရော်ဖက်ရှင်နယ် မပီသသောလုပ်ရပ်ကြောင့် စာရေးသူပေါက်ကွဲပါတော့သည်။ သို့မို့ကြောင့် "သူ့ကိုသင်ပေးချင်ရင် ခင်ဗျားတို့ နှစ်ယောက်တည်းရှိမှသင်၊ မော်တော်ရေအောက် ရောက်တဲ့အထိသင်၊ အခုခရီးသည်တွေပါတယ်၊ ခင်ဗျားအလုပ်ခင်ဗျားလုပ်"ဟု ဘုဘောက် ပြောမှသာ နေရာချင်းချိန်းကြလေတော့သည်။

ထိုစဉ်ကမူ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့၊ လွတ်လပ်စွာရေးသားခွင့်တို့၊ လွတ်လပ်စွာ ယုံကြည်မှုတို့ကိုဖြင့် မသိခဲ့ရိုးအမှန်ပင်၊ သို့တစေ လူငယ်ပီပီ အမှန်တရားကိုတော့ ချစ်မြတ်နိုးသည်။ အမှန်တရားအတွက် ကြောက်စိတ်မရှိခဲ့။

သို့မို့ကြောင့် မြန်မာ့လူမှုနယ်ပယ်အသီးသီးက ပရော်ဖက်ရှင်နယ် မပီသသောအပြုအမူ လုပ်ဆောင်ချက်များကိုလည်း ပြည်သူများက အခါအားလျော်စွာ လွတ်လပ်စွာထုတ်ဖော်ပြောဆို၍ ကန့်ကွက်ထိန်းကျောင်းကြရပါမည်။ သို့မှသာ ကြေကွဲဖွယ်ရာ ဖြစ်ရပ်ဆိုးများကို ရှောင်လွှဲနိုင်ပေလိမ့်မည်ဟု တွေးဆမိသည်။

လက်ရှိမြန်မာနိုင်ငံ၏ ဒီမိုကရေစီအရွေ့တွင် ပြည်သူတို့သည် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို အစိုးရ၏ ပြုမူဆောင်ရွက်ချက်တစ်ခုတည်းသက်သက်သာမက မြန်မာ့လူမှုနယ်ပယ်အသီးသီးတွင် နိစ္စဓူဝ ကြုံတွေ့နေရသည့်၊ ကြုံတွေ့နေရမည့် အဓမ္မလုပ်ရပ်များ၌လည်း အပြည့်အဝ အသုံးချကြရပါလိမ့်မည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွက် ဆိုးကျိုးသက်ရောက်စေမည့် ဆောင်ရွက်ချက်များနှင့် ပြည်သူတစ်ဦးချင်းအတွက် ထိခိုက်စေမည့် လုပ်ဆောင်ချက်များကို တွေ့ရှိပါက မိမိတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆွံ့အမနေသင့်။ စုပေါင်းအားဖြင့်လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထိထိရောက်ရောက် အသုံးချနိုင်ပါမှ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိန်းကျောင်းမှုကိုပါ ဖြစ်ပေါ်စေပါလိမ့်မည်။

သို့မို့ကြောင့် လူတစ်ဦးချင်း၏ မွေးရာပါ အခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မည်သည့်အခါတွင်မျှ ဆွံ့အမနေသင့်ဟု ဆိုရချိမ့်မည်။

## ကျောင်းပို့ယာဉ်နှင့်ဆိုင်ကယ်ကို ခြောက်ဘီးယာဉ် အရှိန်လွန်၍ဝင်တိုက်

**တပ်ကုန်း ဩဂုတ် ၁၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၂၇၉/၀ နှင့်၂၇၉/၁ အကြား၌ ဩဂုတ် ၁၄ ရက် နံနက် ၈နာရီခန့်က တပ်ကုန်းဘက်မှ ရမည်းသင်းဘက်သို့ ယာဉ်မောင်း ဇင်မင်းထွန်း မိတ္ထီလာမြို့နေသူ မောင်းနှင်လာသော 8L / ---- ကန်တာ ခြောက်ဘီးအဖြူရောင်ယာဉ်သည် မျက်နှာချင်းဆိုင်မှ တပ်ကြပ်ကြီးစစ်အေး မောင်းနှင်လာသော ဖောကားခြောက်ဘီးအစိမ်းရောင် ကျောင်းပို့ယာဉ်၏ ယာဉ်ကြောအတွင်းဝင်ရောက်တိုက်မိပြီး မျက်နှာချင်းဆိုင်မှ ဦးစိုးဝင်း ဥသျှစ်ကုန်းရွာနေသူ မောင်းနှင်လာသည့် ၃၅ယ/------ကမ်ဘို-၁၁၀ဆိုင်ကယ်ကို ဆက်လက်တိုက်ခဲ့သည်။

ထိုယာဉ်တိုက်မိမှုကြောင့် ခြောက်ဘီးအဖြူရောင်ယာဉ်ပေါ်၌ လိုက်ပါလာသူ ယာဉ်နောက်လိုက် ဝင်းလှိုင် (၄၁နှစ်)မှာ သေဆုံးခဲ့ပြီး ကျောင်းပို့ ယာဉ်ပေါ်ရှိကျောင်းသား ကျောင်းသူ ၃၀ နှင့် ကျောင်းသားစည်းကမ်းထိန်းသိမ်းရေး တပ်သားသန်းဦးတို့ (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ ဦးစိုးဝင်း မစိုးရိမ်ရဒဏ်ရာရရှိသဖြင့် တပ်ကုန်းမြို့ ခုတင် ၁၀၀ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ**



## ကားဆီတိုင်ကီအတွင်းသယ်ဆောင်လာသော ကျောက်စိမ်းတုံးအရွယ်အစားမျိုးစုံသိမ်းဆည်းရမိ

**နောင်ချို ဩဂုတ် ၁၄**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးနှင့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့သည် ဩဂုတ် ၁၃ ရက်နံနက် ၁၀ နာရီက နောင်ချိုမြို့အရှေ့ဘက် အေးရှားဝေါလ်တိုးဂိတ်အနီး၌ မန္တလေး-မူဆယ်ကားလမ်းကြောင်းတစ်လျှောက် ယာဉ်များကို စစ်ဆေးနေစဉ် မန္တလေးဘက်မှ မူဆယ်သို့မောင်းနှင်လာသော ယာဉ်အမှတ် 7C/----မတ်တူးယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်၏ဆီတိုင်ကီအတွင်းအံ့ဝှက်ပြုကာ သိုဝှက်တင်ဆောင်လာသည့် ကျောက်စိမ်းမျိုးစုံ ၉၂ ကီလိုကိုရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသည်။ ယာဉ်မောင်းမှာ ယာဉ်ကိုစစ်ဆေးနေစဉ်တွင် ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ (ဝဗ၁)

## ရန်ကုန်မြို့ပတ်ရထားစီး ခရီးသွားပြည်သူများအတွက် RBE နှင့် RBT ရထားတွဲဆိုင်းသစ်များဖြင့် ထပ်မံပြေးဆွဲပေးမည်

**နေပြည်တော် ဩဂုတ် ၁၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ရန်ကုန်မြို့ပတ်ရထားစီး ခရီးသွားပြည်သူများအတွက် လုံခြုံချောမွေ့စွာဖြင့် အဆင့်မြင့်မြင့် စီးနင်းနိုင်ရန်နှင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုကို ဖြေလျှော့နိုင်ရန်တို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့မီးရထားသည် ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းများ၌ ဩဂုတ် ၁၆ ရက်မှ စတင်၍ ရန်ကုန်မြို့ပတ်ခရီးစဉ်အမှတ် "ဆ" နှင့် "ဂ" တွဲဆိုင်းများ၌ RBE ရထားတွဲဆိုင်းသစ် နှစ်ဆိုင်းဖြင့် လည်းကောင်း ၊ မြို့ပတ်ခရီးစဉ်အမှတ် "မ" တွဲဆိုင်း၌ RBT တွဲဆိုင်းသစ်တစ်ဆိုင်းဖြင့်လည်းကောင်း၊ ပြေးဆွဲပေးမည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားများမှာ RBE တွင် ငွေကျပ် ၃၀၀ နှင့်ကျန်ရထားများတွင် ခရီးစဉ်ဘူတာအလိုက် ငွေကျပ် ၅၀၊ ငွေကျပ် ၁၀၀၊ ငွေကျပ် ၂၀၀ ဖြစ်သည်။

မြန်မာ့မီးရထား အနေဖြင့် ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်း၌ ပထမတွဲဆိုင်းသစ်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၅ ရက်တွင်လည်းကောင်း၊ ဒုတိယတွဲဆိုင်းသစ်ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၆ ရက်တွင်လည်းကောင်း၊ တတိယတွဲဆိုင်းသစ်ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း၊ စတုတ္ထတွဲဆိုင်းသစ်ကို ယခုနှစ် ဇန်နဝါရီ ၃ ရက်တွင်လည်းကောင်း၊ ပဉ္စမတွဲဆိုင်းသစ်ကို ဇူလိုင်လ ၅ ရက်တွင်လည်းကောင်း စတင်ပြေးဆွဲခဲ့ပြီး ယခုတွဲဆိုင်းသစ်များသည် ဆဋ္ဌမမြောက်ပြေးဆွဲပေးခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

## ဩဂုတ် ၁၄ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၅၀၀ မှ ၅၀၀၀၀ |
| ၂ | ဇီရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၃၂၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၉၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၅ မှ ၂၃၇၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊မြင်းခြံ၊ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၇၅ မှ ၉၅၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၀ မှ ၂၃၇၅ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀ မှ ၃၀၀၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀ မှ ၅၈၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

# ဟားခါးမြို့၏ ဘူမိဗေဒအခြေအနေများကိုလေ့လာပြီး သင့်တော်သည့်နေရာတွင် ပြန်လည်နေရာချထားရေးဆောင်ရွက်မည်

မြန်မာနိုင်ငံတွင် ဇူလိုင်လဒုတိယပတ်မှစ၍ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မကြုံစဖူး ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှု၊ အိုးအိမ်များပြိုကျပျက်စီးမှု၊ လယ်ယာမြေများ ရေနစ်မြုပ်ပြီး ကျွဲ၊ နွား၊ တိရစ္ဆာန်များ သေဆုံးမှုတို့ ဖြစ်ပေါ်ကာ ပြည်သူအများအပြား အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ထိုကဲ့သို့ သဘာဝဘေးအန္တရာယ်များထဲတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ရန်းတောင်မှ မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူနေအိမ်များပြိုကျပျက်စီးခဲ့ရသည်။ ဟားခါးမြို့အပေါ်ဘက်ရှိ ပေ ၇၀၀၀ ကျော်မြင့်သည့် ရန်းတောင်မြေပြိုမှုများကြောင့် ဟားခါးမြို့တွင် အန္တရာယ်ရှိနိုင်သည့်အတွက် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပေးခဲ့ရသည်။

၎င်းမြေပြိုကျမှုဖြစ်စဉ်များကြောင့် လုံခြုံမှုရှိစေမည့် မြေနေရာ ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိဖြစ်ပေါ်နေသည့် ဟားခါးမြို့၏ အခြေအနေများနှင့် စပ်လျဉ်း၍ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှုကို တင်ပြလိုက်ပါသည်-

**ဒေါက်တာရဲမြင့်ဆွေ**

**ညွှန်ကြားရေးမှူးချုပ်၊ ဓာတ်သတ္တုရှာဖွေတူးဖော်ရေးဌာန**

ပထမဆုံးကတော့ research လုပ်ရမှာပါ။ ဘယ်နေရာကို ရွှေ့သင့်တယ်၊ ဘယ်နေရာက သင့်တော်တယ်၊ အက်ကြောင်းတွေရဲ့ အနေအထားတွေ၊ ပြတ်ရွှေ့တွေရဲ့ အနေအထားတွေကို လေ့လာရပါမယ်။ ချင်းတောင်က နေရာတော်တော်များများမှာ ဖြစ်နေတယ်ဆိုတော့ ဘူမိဗေဒအနေအထားတွေနဲ့ ဆိုင်တာအားလုံးကို လေ့လာရမယ်၊ အခုကတော့ ဒီအနေအထားတွေကို လေ့လာနေတာပါ။

ဒါကတော့ တောင်လိုက်ကို ဖြစ်နေတာမျိုးဆိုရင် new town plan ဆိုတာမျိုးလုပ်ရရင်လည်း လုပ်ရမှာပါ။ ဒီအနေအထားတွေကို လေ့လာပြီးတော့ မြို့သစ်စီမံကိန်းနဲ့ ပြန်လည်နေရာချထားရေးကို ဆောင်ရွက်နိုင်မှာပါ။ ဒီမှာ အရင်ကတည်းကလည်း ဖြစ်နေတာပဲ၊ နေရာတော့ မရွှေ့နိုင်ပါဘူး။ မိုးများတဲ့နှစ်တွေဆိုဒါမျိုးတွေက ဖြစ်မှာပါ၊ အန္တရာယ်ရှိနိုင်ပါတယ်။ ပြည်သူလူထုရော အားလုံးပူးပေါင်း ဆောင်ရွက်ရင်တော့ အကျိုးရှိတဲ့အဖြေတစ်ခု ထွက်လာမှာပါ။

**ဦးသိန်းဇော်ဦး ဟားခါးမြို့နယ်၊ အုပ်ချုပ်ရေးမှူး**

ဇူလိုင်လ ၂၅ရက်လောက်ကစပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ ဇူလိုင်လ ၃၁ ရက်နေ့အထိ မိုးရေချိန်၃၀လက်မကျော် ရွာသွန်းပါတယ်။ ဇူလိုင်လ ၂၆ ရက်နေ့ကစပြီး နေအိမ်တွေပြိုတာပျက်တာတွေ ဖြစ်လာပါတယ်။ နေအိမ်တွေဟာအဓိက ရေတိုက်စားမှုကြောင့် ပျက်စီးတာဖြစ်ပါတယ်။ လက်ရှိအခြေအနေအထိ အိမ်ခြေ ၃၇၅ လုံးနဲ့ ကျေးရွာတွေမှာ ၁၁၂ လုံး စုစုပေါင်း ၄၈၇လုံး ပြိုပျက်သွားပြီးဖြစ်ပါတယ်။

အဓိက ဟားခါးမှာ အန္တရာယ်ရှိနိုင်တာဖြစ်တဲ့အတွက် ပြည်သူတွေကို ကြိုတင်ပြီး ကယ်ဆယ်ရေးစခန်းတွေကို ရွှေ့ပြောင်းတယ်။ လူအသေအပျောက်လည်းမရှိပါဘူး။ အခုလောလောဆယ်မှာ မြေမပြိုတော့ပေမယ့် အရင်မြေပြိုတာကနေ မြေတွေ အက်ကြောင်းတွေ ဖြစ်လာတယ်။ အက်ကြောင်းတွေက တဖြည်းဖြည်းကြီးလာတယ်။ ဒါကြောင့် မြို့ရဲ့ဘူမိဗေဒအခြေအနေတွေကို လေ့လာနေပါတယ်။ ပြီးတော့ သင့်တော်ရာနေရာမှာ ပြန်လည်နေရာချထားဖို့ ဆောင်ရွက်နေပါတယ်။ သီးခြားစီမံချက်ရေးဆွဲပြီး ဆောင်ရွက်သွားမှာပါ။

**ရေး - သတင်းအဖွဲ့**



ကလေးမြို့ရှိ ဒီဇယ်ဓာတ်အားပေးစက်များ ပြန်လည်ပြုပြင်နေသည်ကို တွေ့ရစဉ်။

❖ *ကျော်ဖုံးမှ*

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး လျှပ်စစ် အင်ဂျင်နီယာ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်း ၆၀ တို့က ဓာတ်အားလိုင်း တိုင်များ၊ ဓာတ်အားလိုင်းကြိုးများ အိမ်တွင်းဝိုင်ယာကြိုးများ၊ အိမ်သုံးမီတာများ စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရေပြန်လည်ကျချိန်တွင် ကလေးမြို့အတွင်း ရေနစ်မြုပ်ခဲ့သော ဓာတ်အားပေးစက်များ၊ ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံများတွင် တင်ကျန်လျက်ရှိသော ရွှံ့နွံများကို ဖယ်ရှားသန့်စင်၍ ပြုပြင်ရေး ဆောင်ရွက်လျက်ရှိရာ 500 KVA တစ်လုံး ပြင်ဆင်ပြီးစီးခဲ့သည်။

မူလရေနစ်မြုပ်ခဲ့သော မီးစက်များ ပြင်ဆင်ရေးဆောင်ရွက်နေစဉ် ယာယီအစီအစဉ်အနေဖြင့် အမြန်ဆုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် 300 KVA မီးစက်တစ်လုံး၊ 250 KVA မီးစက်နှစ်လုံးကို မုံရွာမှ ဇက်ရေယာဉ်ဖြင့်ပေးပို့ခဲ့ရာ ဩဂုတ် ၁၂ ရက်က ကလေးဝဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး ကလေးဝဆိပ်ကမ်းမှတစ်ဆင့် ကလေးမြို့သို့ သယ်ယူ၍ မီးစက်များကို မြို့ပေါ်ရပ်ကွက်များတွင် ဖြန့်ခွဲတပ်ဆင် ဆောင်ရွက်ခဲ့သည်။

ယခုအခါ ယာယီအစီအစဉ်အနေဖြင့် ကလေးမြို့ပေါ်ရပ်ကွက်များကို ဩဂုတ် ၁၃ ရက်ကစ၍ ရောက်ရှိလာသော ဒီဇယ်မီးစက်များဖြင့် လျှပ်စစ်ဓာတ်အားကို အလှည့်ကျစနစ်ဖြင့် စတင်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

ရေနစ်မြုပ်နေသော ရပ်ကွက်များရှိ ပြုပြင်ရန်ကျန်ရှိသော ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းကြိုးများ၊ ဆားဗစ်ဝိုင်ယာကြိုးများ၊ အိမ်တွင်းဝိုင်ယာကြိုးများ၊ ရေနစ်မြုပ်မီတာများ စစ်ဆေးပြုပြင် ဆောင်ရွက်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရေနစ်မြုပ်သွားသည့် ပြင်ဆင်ရန်ကျန်ရှိသော ဓာတ်အားပေးစက်များ အမြန်ကောင်းမွန်ရေး ပြင်ဆင်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာပွန်မှမိုးညိုမြို့နယ်သွား လမ်းပိုင်းနှင့် တံတားများ ပြန်လည်ပြုပြင်ပြီးဖြစ်၍ သွားလာမှုအဆင်ပြေ

**နတ်တလင်း ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ အနောက်ခြမ်းရေလွှမ်းသွား၍ မိုင်တိုင် ၅၆/၃၊ ၅၆/၄၊ ၅၆/၅ ရှိ ပျက်စီးယိုင်နဲ့သွားသောလမ်းပိုင်းနှင့် တံတားများကို ပြည်သူများသွားလာမှုအဆင်ပြေစေရန် မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းနိုင် ဦးဆောင်၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူ ဦးဇော်မိုးနိုင်က "ကျွန်တော်တို့ ရေဆည်ရွာကစပြီး ဧရာဝတီမြစ် ကမ်းနားပတ်ဝန်းကျင် ကျေးရွာများအားလုံး ရေကြီးရေလျှံမှုတွေဖြစ်ရတယ်။ လမ်းဆိုရင်လည်း အပျက်အစီးများပြီး ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးသွားသလို ကျူတောရိုးတံတားနဲ့ ကထန်တံတားတွေကတော့ယိုင်ပြီး အတက်အဆင်းနေရာတွေမှာ နိမ့်ကျသွားတယ်။ ဒီပျက်စီးမှုတွေကို အချိန်မီ ဆောင်ရွက်တာ အခုဆိုရင် နတ်တလင်း၊ တာပွန်မှ မိုးညိုမြို့နယ် မယင်းငယ်ရွာအထိ ကား၊ ဆိုင်ကယ်စတဲ့ ယာဉ်အမျိုးမျိုး အချိန်မရွေးသွားလို့ရနေပါပြီ"ဟု ပြောသည်။

**တင်မြင့်(နတ်တလင်း)**



# နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

**ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုးစပါးထိခိုက်ပျက်စီးမှု ကွင်းဆင်းကြည့်ရှု

**မိုးညှင်း ဩဂုတ် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ၌ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးထိခိုက်ပျက်စီးမှုများကို ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဩဂုတ် ၁၃ ရက်က ကချင်ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးဘီထောဇောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် အင်းတော်ကြီးဒေသ၊ နန့်မွန်းကျေးရွာအုပ်စု လယ်ပုံလေးဆိပ်ကမ်းမှတစ်ဆင့် အင်းအရှေ့ဘက်ကမ်း ဟဲပုကျေးရွာသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ညောင်ပင်ကျေးရွာနှင့် လုံးတုံကျေးရွာအုပ်စုအတွင်းရှိ ရေကြီးနစ်မြုပ်မှုဖြစ်ပွားနေသည့် နေရာများသို့ လည်းကောင်း စက်လှေများ၊ မော်တော်ယာဉ်များဖြင့် ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများကို တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။မိုးညှင်းမြို့နယ်၌ ရေကြီးနစ်မြုပ်မှု လယ်မြေ ၃၆၇၇ ဧကရှိပြီး ပြန်လည်စိုက်ပျိုးသည့်ဧကမှာ ၅၈ ဧကသာရှိကြောင်း၊ အဆိုပါ ရေကြီးနစ်မြုပ်သည့်ဧက အနက် ၃၅၂၄ ဧကမှာ အင်းတော်ကြီးဒေသအတွင်းရှိ ကျေးရွာ ၁၀ အုပ်စုမှ လယ်မြေများဖြစ်ပြီး ယခုလက်ရှိ ရေမြုပ်ပျက်စီးနေဆဲဖြစ်ကာ ပြန်လည်စိုက်ပျိုးနိုင်မည့် အခြေအနေမရှိသေးကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်ထံမှ သိရသည်။

**ကေဆိုင်းနော် (ဖားကန့်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လျှပ်စစ်ဆိုင်ရာ သက်မွေးပညာသင်တန်း
## သင်တန်းအမှတ်စဉ် (၁/၂၀၁၅) သင်တန်းသား/သူခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ လျှပ်စစ်ဆိုင်ရာ သက်မွေးပညာသင်တန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ တက်ရောက်လိုသော သင်တန်းသား/သူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ သင်တန်းကာလမှာ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ အထိ ရက်သတ္တ (၁၂) ပတ်ဖြစ်ပါသည်။

၃။ ရန်ကုန်တွင် သင်တန်းသား/ သူ (၅၀) ဦး၊ မန္တလေးတွင် သင်တန်းသား/သူ (၅၀) ဦး သင်ကြားပေးမည်ဖြစ်ပါသည်။

၄။ ရန်ကုန်သင်တန်းကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် လည်းကောင်း၊ မန္တလေးသင်တန်းကျောင်းတွင် နေ့သင်တန်းကျောင်းအဖြစ်လည်းကောင်း ဖွင့်လှစ်ပါမည်။

၅။ သင်တန်းအတွက် ကုန်ကျစရိတ်အား နိုင်ငံတော်မှ ကျခံပါမည်။

၆။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါအချက်အလက်များနှင့် တကွ ပြည့်စုံစွာ လျှောက်ထားရမည်-

(က) သင်တန်းတက်ရောက်လိုကြောင်း လျှောက်ထားသူ၏ ကိုယ်တိုင်ရေးလျှောက်လွှာ

(ခ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) ပညာအရည်အချင်း အထောက်အထား မိတ္တူ
(ဤသင်တန်းအတွက် အနိမ့်ဆုံးပညာအရည်အချင်း အဋ္ဌမတန်းအောင်မြင်ပြီးသူဖြစ်ရမည်။)

(ဃ) သင်တန်းစတင်ဖွင့်လှစ်သည့်နေ့တွင် (၁၈)နှစ်ပြည့်ပြီး (၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်ကြောင်း တိုက်နယ်ဆေးရုံ (သို့မဟုတ်) မြို့၊ မြို့နယ်ဆေးရုံ (သို့မဟုတ်) ဒေသန္တရဆေးခန်း တစ်ခုခု၏ ထောက်ခံချက်

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မိမိတို့နေထိုင်ရာဒေသ ရဲစခန်း၏ ထောက်ခံချက်

(ဆ) (၆) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂) ပုံ

၇။ လျှောက်လွှာများကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၁ရက်နေ့ ရုံးချိန်နောက်ဆုံးထား၍ မန္တလေးသင်တန်းကျောင်းတွင် တက်ရောက်လိုသူများအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးသို့လည်းကောင်း၊ ရန်ကုန်သင်တန်းကျောင်းတွင် တက်ရောက်လိုသူများအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးသို့လည်းကောင်း အရောက်ပေးပို့ လျှောက်ထားရမည်။

၈။ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်လာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်သည်။

၁၀။ ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်များ

| | | |
|---|---|---|
| **ရန်ကုန်** | - | ၀၁-၂၁၅၁၄၆၊ ၂၃၀၂၀၇၁၊ ၀၉-၇၃၁၄၉၅၀၆ |
| **မန္တလေး** | - | ၀၂- ၃၉၃၃၀၊ ၃၄၈၈၉၊ ၇၃၈၀၃ |

## အောင်မြေသာစံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ် (၈၂)လမ်းနှင့် (၈၃)လမ်းကြား၊ (၁၈)လမ်းနှင့်(၁၉)လမ်းကြားရှိ ကျီဝင်း ရပ်တွင် ယနေ့ ညနေ ၅ နာရီခွဲက အဲကူလာ အပူလွန်ကဲခြင်းကြောင့် မီးလောင်မှုဖြစ်ပွားကြောင်းသိရသည်။

အဆိုပါမီးမှာ ကျီဝင်းရပ်ကွက် အမှတ်(၁၄၄)တွင် နေထိုင်သူ ဒေါ်ခင်နွယ်ရင်၏ နေအိမ်မှစတင် လောင်ခြင်းဖြစ်ပြီး အိမ်ခြေ လေးလုံး၏ အပေါ်ထပ်ခြမ်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



အဆိုပါ မီးလောင်ရာသို့ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ တို့က အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ယာဉ် အစီး ၄၀ ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကို အမှတ်(၅) ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အင်းစိန်ပန်းခြံအနီး တည်ဆောက်နေသည့် အင်းစိန်ခုံးကျော်တံတားအမှတ်(၂) မကြာမီဖွင့်မည်

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရေးအတွက် မီးပွိုင့်လမ်းဆုံများ၌ ကားလမ်းခုံးကျော်တံတားများ တည်ဆောက်လျက်ရှိရာ အင်းစိန်ပန်းခြံအနီး တည်ဆောက်လျက်ရှိသော ခုံးကျော်တံတားဖွင့်ပွဲကို ဩဂုတ် ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အင်းစိန်ခုံးကျော်တံတားသည် လှိုင်သာယာဘက်ခြမ်းမှ စော်ဘွားကြီး ကုန်းဘက်သို့လည်းကောင်း၊ လှိုင်သာယာဘက်မှ ရန်ကုန်မြို့ ဗဟိုလမ်းဘက်သို့လည်းကောင်း ဖြတ်သန်းတည်ဆောက်ထားပြီး ခရီးသွားပြည်သူများ နေ့စဉ်ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုနှင့်ယာဉ်ကြောကျပ်တည်းမှုများကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းနိုင်ရန်ရည်ရွယ်၍ ယခုအင်းစိန်ခုံးကျော်တံတားသစ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

## ရေဘေးသင့်ပြည်သူများနှင့် တိရစ္ဆာန်များ နေရပ်သို့ပြန်ပို့ဆောင်

**ရေနံချောင်း ဩဂုတ် ၁၄**

ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့မှ ဧရာဝတီမြစ်ရေ မြင့်တက်ဝင်ရောက်မှုကြောင့် ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသော လူနှင့်တိရစ္ဆာန်များ မြစ်ရေကျ၍ ၎င်းတို့နေရပ်ဒေသများသို့ ပြန်နေကြပြီဖြစ်ကြောင်း သိရသည်။ ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်ဝင်ရောက်မှုကြောင့် လူအချို့နှင့်တိရစ္ဆာန်များကို စွမ်းအင်ဝန်ကြီးဌာနပိုင်ဇက်ရေယာဉ်များဖြင့် ရေနံချောင်းမြို့တွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ် စောင့်ရှောက်ခဲ့ကြသည်။ယခုအခါတွင် မြစ်ရေသည် စိုးရိမ်စရာမရှိဘဲ ပြန်လည်ကျဆင်းကာ ပုံမှန်အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများနှင့် တိရစ္ဆာန်များကို ဩဂုတ် ၁၄ရက်က စွမ်းအင်ဝန်ကြီးဌာနပိုင် ကျော်စွာဇက်ရေယာဉ်ဖြင့် ရေနံချောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ဌာနဆိုင်ရာအဖွဲ့ဝင် ၁၅ဦးဖြင့် လိုက်လံပို့ဆောင်ပေးလျက်ရှိသည်။

"မြစ်ရေတွေတိုးတော့ ဇက်ရေယာဉ်တွေနဲ့လာခေါ်တယ်၊ ကယ်ဆယ်ရေးစခန်းတွေမှာလည်း အစားအသောက်နဲ့ကျန်းမာရေး ကစလို့ အားလုံးဂရုစိုက်ကြတယ်၊ တီဗွီတွေလည်းညတိုင်းလာဖွင့်ပြပေးတယ်၊ အခုရေကျတော့လည်း ရွာအထိအဆင်ပြေအောင် လိုက်ပို့ပေးလို့ အလွန်ကိုကျေးဇူးတင်ပါတယ်"ဟု ပေါက်ကုန်းရွာ ဒေသခံတစ်ဦးက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**





## ကြည့်မြင်တိုင် သီတာလမ်း၌ မီးလောင်

**ရန်ကုန် ဩဂုတ် ၁၄**

ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁၂ နာရီမိနစ် ၂၀ ခန့်က ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် သီတာလမ်းတိုက်အမှတ် ၆၀ သုံးခန်းတွဲရှစ်လွှာ A ခေါင်းရင်း ခန်း၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မြို့နယ်စုံမှ မီးငြိမ်းသတ်ရေးယာဉ်အစီး ၂၀ကျော်နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ အများအပြားရောက်ရှိလာခဲ့ကြသည်။ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ အဆိုအရ အဆင့်နှစ်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသော်ဒါက " ကျွန်တော်တို့ မီးသတင်းကို မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်လောက်မှာ စရတယ်"အုပ်ချုပ်မှုယာဉ်လေးစီး အထောက်အကူပြုယာဉ် ငါးစီးနဲ့အတူ မီးငြိမ်းသတ်ရေယာဉ် ၂၃ စီးလာခဲ့ပါတယ်" ဟုဆိုသည်။

မီးကရှစ်ထပ်တိုက် ညာအစွန်ခန်း၌ လောင်ခဲ့သည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဘေးကပ်လျက်တိုက်အပေါ်ထပ်မှလည်းကောင်း၊ မီးလောင်သည့်တိုက်ခန်းအတွင်း မီးခိုးများကြားမှလည်းကောင်း ဝင်ရောက်ငြိမ်းသတ်မှုကြောင့် နာရီဝက်အတွင်း မီးငြိမ်းသွားခဲ့သည်။

မီးမှာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀တွင် စတင်လောင်ခဲ့ပြီး မွန်းလွဲ ၁၂နာရီမိနစ် ၅၀ တွင် မီးလောင်အားကို ထိန်းပေးနိုင်ခဲ့၍ ၁၂နာရီ ၅၁ မိနစ်တွင်အပြီးသတ်ငြိမ်းပေးနိုင်ခဲ့သည်။

မီးလောင်ရခြင်းနှင့် ပတ်သက်၍ အိမ်ရှင်ဇနီးမောင်နှံ၏ ပြောပြချက်အရ သံခုတင်အနီးတွင် ခြင်ဆေးထွန်းထားရာမှ ယင်းအပေါ်အဝတ်စကျ၍ စတင်လောင်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ မေးမြန်းမှုအပေါ် ပြောကြားရာ သိရသည်။

မီးလောင်မှုကြောင့် ဦးသန်းထွန်း (၃၈နှစ်)ကို ကြည့်မြင်တိုင်မြို့မရဲစခန်းကအမှုဖွင့်ဆောင်ရွက်ထားကြောင်းသိရသည်။ **တင်ဝင်းလေး( ကြည့်မြင်တိုင်)**


**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ ဆုန်ကုန်းကျေးရွာနေ ဦးအောင်စိုး၏ သမီး မမွန်မွန်စံ၏ အမည်မှန်မှာ မပိုးအိစံ ၇/ရကန(နိုင်)၀၅၃၄၈၉ ဖြစ်ပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် BB/7977၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/4279၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

**အများသိစေရန်ကြေညာခြင်း**

ကျွန်တော်၏မိတ်ဆွေဖြစ်သည့် ဦးတင်ဝင်း ၁၃/ကလတ(နိုင်)၀၀၁၉၀၉၊ အမှတ်၃၃၅/၃၃၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ဦးပိုင်အကွက်အမှတ် ၂၃၀၊ ၁၉/ဈ၊ ညောင်ကုန်းအုပ်စု၊ ညောင်ကုန်းရပ်ကွက်ရှိ မြေကွက်မှာ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းအမည်ဖြင့် မြေနေရာချထားရရှိခဲ့ပြီး ဂရန်အမည်ပေါက် လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။ ယင်းမြေနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းအပါအဝင် မည်သည့် လွှဲပြောင်းမှုကိုမျှ ပြုလုပ်ထားခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စွာထက် LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၃၂၀၂)**

**ဦးအောင်လှိုင်ဘွား LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၂၅၂၁)**

**နရက ၁၆၊ နတ်ရေကန်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၃၁၈၅၇၁၃၊ ၀၉-၂၀၃၄၈၇၀၊ ၀၉-၇၉၄၇၈၄၉၄၁**


**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းအကြောင်းကြားစာ**

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ကချင်ပြည်နယ်တရားလွှတ်တော်**

**၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁ နှင့်ဆက်နွယ်သည့်**

**၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁**

ဂျိတ်လင်း(န်)ကျောက်မျက်ရတနာကုမ္ပဏီ လီမိတက်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်သူ) **နှင့်** ဦးထွန်းထွန်း ပါ ၈ဦး

**တရားနိုင်** **တရားရှုံးများ**

[အထက်အမည်ပါ ချိုသာ ၁၁/ကတန(နိုင်)၀၈၈၆၈၀၊ ဦးကျော်ငွေ ၅/ဘတလ(နိုင်)၀၅၇၁၅၀၊ ဦးနေဆန်းဦး(ခ)ကိုထွေး ၁၂/မဂဒ(နိုင်)၀၈၅၅၁၉၊ ကိုမြင့်ဆောင် ၇/ပမန(နိုင်)၀၀၉၂၁၅၊ ကိုတိုးကြီး မော်ဝမ်းကြီးကျေးရွာ၊ ဖားကန့်မြို့နယ်နှင့် ဦးလှငွေ အမှတ် ၄၈၊ ရှမ်းခိုလောင်လမ်း၊ နယ်မြေ ၁၆၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။]

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဂျိတ်လင်း(န်)ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်သူ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၈ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် ဩဂုတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

(ဝါဝါဆွေ)

**လက်ထောက်ညွှန်ကြားရေးမှူး**
**ကချင်ပြည်နယ်တရားလွှတ်တော်**



# ဘဂ္ဂဒက်ဈေးကားပုံးပေါက်ကွဲ ၅၃ ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၄

လူဦးရေ ၅၃ ဦး သေဆုံးခဲ့ရသော ဘဂ္ဂဒက်ဈေးထရပ်ကားဗုံးခွဲတိုက်ခိုက်မှုသည် မိမိတို့လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်ဟု အွန်လိုင်းကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ စစ်သွေးကြွများက ဆာဒါးစီးတီးခရိုင်မှ ယင်းထရပ်ကားဗုံးကို စေလွှတ်ခဲ့ပြီး ဂျမီလာခရိုင် လက်ကားဈေးကြီးတွင် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ပြောသည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတင်ဆောင်သော ထရပ်ကားတွင် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ကာ ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ၅၃ ဦး သေဆုံးပြီး၁၀၀ ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောသည်။

တိုက်ခိုက်မှုကြောင့် လူအချို့ပျောက်ဆုံးနေပြီး ဈေးဆိုင်များနှင့် အရပ်သားကားအချို့ ပျက်စီးသွားခဲ့ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောသည်။

(ဆင်ဟွာ)

# တီယန်ကျင်းပေါက်ကွဲမှု မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦးအပါအဝင် ၅၀ သေဆုံး

ပေကျင်း ဩဂုတ် ၁၄

ဩဂုတ် ၁၃ ရက်နေ့ညက တရုတ်နိုင်ငံ တီယန်ကျင်းမြို့ ကုန်လှောင်ရုံတစ်ခုပေါက်ကွဲမှုကြောင့် သေဆုံးမှု ၅၀ ရှိသွားပြီဖြစ်ရာ ယင်းတို့တွင် မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ပျောက်ဆုံးနေသော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကို စောစောပိုင်းက ရှာဖွေကယ်ဆယ်ပြီး ဆေးရုံတင်ပို့ခဲ့ရသည်ဟု ဆိုသည်။ ထိုအတောအတွင်း မရေမတွက်နိုင်သော အလုပ်သမားများက ရှာဖွေမှုများပြုလုပ်နေဆဲဖြစ်ကြောင်း တီယန်ကျင်းဆိပ်ကမ်းကုမ္ပဏီအုပ်စုက ပြောသည်။ အဆိုပါပေါက်ကွဲမှုကြောင့် လူပေါင်း ၇၀၀ ကျော် ဆေးရုံတင်ပို့ခဲ့ရပြီး ၇၁ ဦးမှာ စိုးရိမ်ရကြောင်း၊ ပေါက်ကွဲမှုကြောင့် နေအိမ်များပျက်စီးသွားသော ဒေသခံပြည်သူ ၆၀၀၀ ခန့်အား အနီးရှိ ကျောင်း ၁၀ ကျောင်းသို့ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးထားပြီး အစားအစာ၊ ရေနှင့်ခေါက်ခုတင်များ ဝေငှပေးထားသည်ဟု ဆိုသည်။

အဆိုပါပေါက်ကွဲမှုသည် အောက်ဆီဂျင်နှင့် ဆိုင်ရာနိုက်ခာတုပစ္စည်းများ ပေါက်ကွဲမှုဖြစ်နိုင်ကြောင်း၊ သုံးကြိမ်မှ ရှစ်ကြိမ်အထိ ဆက်တိုက်ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း စုံစမ်းမှုများပြုလုပ်နေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ (ဆင်ဟွာ)



# စစ်အတွင်းကျူးလွန်ခဲ့သော ရက်စက်မှုများအတွက် တောင်းပန်ရန် ကမ်းလှမ်းချက်ကို ဂျပန်ဝန်ကြီးချုပ်ရှောင်ရှား

တိုကျို ဩဂုတ် ၁၄

ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား တောင်းပန်မှုပြုလုပ်ရန် တောင်းဆိုမှုများ မြင့်တက်လျက်ရှိသည်။

သို့သော်လည်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဩဂုတ် ၁၄ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ၏ရက်စက်ကြမ်းကြုတ်မှုများကို တောင်းပန်ရန် ကမ်းလှမ်းချက်များကို ရှောင်ရှားခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း နှစ် (၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားဖော်ပြချက်တွင် ဂျပန်ဝန်ကြီးချုပ် အာဘေးက ယခင်ဂျပန်အစိုးရသည် တောင်းပန်မှုများနှင့် ကျူးလွန်မိသည့်ပြစ်မှုများအတွက် ကြီးစွာနောင်တရမိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ မျိုးဆက်သစ်များအတွက် နိုင်ငံ၏ ယခင်စစ်ပွဲအချိန်က ပြုလုပ်ခဲ့သည့်အမှားများအတွက် ဆက်လက်တောင်းပန်ရန် မလိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယခင်စစ်ပွဲအတွက် အကြိမ်ကြိမ်တောင်းပန်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကြီးစွာနောင်တရခဲ့ရကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောခဲ့သည်။ ဂျပန်နိုင်ငံသည် အစိုးရအဆက်ဆက်၏ သဘောထားအမြင်များကို ဆက်လက်ထိန်းသိမ်းသင့်ကြောင်း ယင်းကဆက်လက်ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဒုတိယကမ္ဘာစစ်အတွင်း ဒုက္ခခံစားခဲ့ရအောင် ပြုလုပ်မိသည့်အတွက် နောင်တရမိကြောင်းနှင့် လူများစွာတို့၏ အသက်အိုးအိမ်စည်းစိမ်များ စွန့်လွှတ်ခဲ့ရမှုများအတွက် နောင်တရမိကြောင်း စသည်ဖြင့် ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း နှစ် (၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားဖော်ပြချက်တွင် ချိုင်ဖော်ပြခဲ့သည်။

(ဆင်ဟွာ)


## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အထက (၂)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် မဝင်းမာထွေး၏ဖခင်အမည်မှန်မှာ ဦးတင်စိန် ၁၂/မဂတ(နိုင်)၀၁၉၆၅၂ ဖြစ်ပါကြောင်း။

ဦးတင်စိန်

## အမည်မှန်

ကရင်ပြည်နယ်၊ ဇန်းမော်မြို့နတလ အလက (ခွဲ)မှ ဆဋ္ဌမတန်းအတန်းတင်စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သော မအီခေါန်၏အမည်မှန်မှာ မအီဆိုင်အောင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၁၃/နခန(နိုင်)၀၃၀၈၁၀ဖြစ်ပါကြောင်း။

ဦးထွန်းအောင်

## အမည်ပြောင်း

မြင်းခြံ(သံမဏိ)စက်ရုံနေ ဦးဝဏ္ဏစိုး၏သား စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်မင်းဟိန်းခန့်အား မောင်အောင်စေမြတ်ဟုပြောင်းလဲခေါ်ပါရန်။

မောင်အောင်စေမြတ်

## မြန်မာနိုင်ငံရွေးကောက်ပွဲကာလ မီဒီယာ၏ အခန်းကဏ္ဍ



ELECTION & MEDIA

ဟံဝင်း (Y.U.D.E)

ARTICLE 19 အဖွဲ့၏ အာရှရေးရာ တာဝန်ခံ မစ္စတာ အော်လီဗာ စပင်စာ၏ အမှာစာနှင့်အတူ ......

မီဒီယာ သမားတိုင်းနှင့် လူ့အခွင့်အရေးအကြောင်း နားလည်လိုသူတိုင်းအတွက် ...................... ထွက်ပြီ

ARTICLE 19 သည် ကမ္ဘာ့ ကုလသမဂ္ဂ၏ ကြေညာ စာတမ်းမှ အပိုဒ် (၁၉)ပါ လူတိုင်းလွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် ရှိရမည်ဟူသော အချက်ကို ကမ္ဘာ့နိုင်ငံအများအပြားတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော် ဆောင်ရွက်နေသော အဖွဲ့ဖြစ်ကြောင်း

မနောဖြူစာပေ - ဖုန်း - 09 73246980 ၊ 09 73043873

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မွေဝိဟာရလမ်း၊ အရှေ့ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် (၉၂) တွင်နေထိုင်သူ ဦးဇင်မင်းသန့်(အဘ)၊ ဦးကြည်ဝင်း (၁၄/ဖပန(နိုင်) ၀၉၉၁၅၄) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်း မူပိုင်အသုံးပြုရန် (၂၉-၅-၂၀၁၅) ရက်နေ့တွင် မှတ်ပုံတင်သွင်း ခဲ့ပြီးဖြစ်ပါသည်။

Happy

Special Snacks

မှတ်ပုံတင်စာချုပ်အမှတ် - ၄/၇၆၀၄-၂၀၁၅

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို ဦးဇင်မင်းသန့်သည် မိမိတစ်ဦးတည်း၏ စိတ်ကူးဉာဏ်ဖြင့်တီထွင်ကြံဆပြီး တစ်ဦးတည်းမူပိုင်အမှတ်အသားအဖြစ်-ပဲမုန့်၊ အငံမုန့်၊ နတ်သုဒ္ဓါ စသည့် မုန့်မျိုးစုံတို့ကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ထုတ်ပြီး ပြည်ထောင်စုမြန်မာ နိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချီရောင်းချသွားမည်ဖြစ်ပါသည်။ ယင်းကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်တီဗွီ၊ ဗီဒီယို၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာ၊ ဂျာနယ်၊ ငွေရပြေစာ ဖြတ်ပိုင်း၊ စာစောင်ကြော်ငြာ၊ တံဆိပ်တုံးများ၊ Letter Head, Internet Website တို့တွင်လည်းကောင်း၊ ယင်းကုန်အမှတ်တံဆိပ်ဖြင့်ပင် အဆိုပါပစ္စည်းတို့ကို ထည့်သွင်းအသုံးပြုသည့် ပလပ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူဘူး၊ စာရွက်စက္ကူပုံး၊ စက္ကူအိတ်၊ ပါဆယ်ထုတ်များတွင် အထက်ပါ တံဆိပ်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ဖိနှိပ်၍ ကပ်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်ဖြန့်ချီရောင်းချသွားမည် ဖြစ်ပါသည်။

မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားသော အထက်ပါကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချ ခြင်းမပြုလုပ်ပါရန်နှင့် တုပပြုလုပ်သုံးစွဲခြင်း၊ လက်ဝယ်ထားရှိ အသုံးပြုဆောင်ရွက်နေခြင်းတို့ကို တွေ့ရှိရပါကနစ်နာမှုများအတွက်တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း၊ ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်မည့်အပြင်၊ တုပပြုလုပ်ထားသည့် တံဆိပ် အမှတ်အသားများကိုပယ်ဖျက်သည်အထိ ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇင်မင်းသန့်၏

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးစိန်
LL.B, D.B.L, D.M.L, DAP,SY
အထက်တန်းရှေ့နေ (စဉ်-၃၆၀၂၅)
ဖုန်း ၀၉-၇၃၁၈၄၆၇၆

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ဟန်ဂလိုဘယ်(လ်)ကုမ္ပဏီလီမိတက်၊ မှတ်ပုံတင်အမှတ် ၅၉၂/၂၀၁၅-၂၀၁၆(ရက)မှ အောက်တွင်ရိုက်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်များကပ်နှိပ်၍ စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းတွင်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းတွင်လည်းကောင်း၊ ဖြေဖျော်မှုလုပ်ငန်းတွင်လည်းကောင်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင်လည်းကောင်း၊ စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွင်လည်းကောင်း သုံးစွဲသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဆင်တူယိုးမှား အမှတ်တံဆိပ်များရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်သုံးစွဲသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ထုတ်လုပ်သုံးစွဲမည့် ကုန်အမှတ်တံဆိပ်များ

| | | | | |
|---|---|---|---|---|
| Waca | Waka | Waco | Wako | Wacar |
| Wakar | Wacor | Wakor | ဝါကာ | ဝါခါ |

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄)

ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး (စဉ်-၄၂၂၂၇) အထက်တန်းရှေ့နေများ

အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄၊ ၀၉-၂၆၁၂၀၂၆၁၁

## ရေဘေးသင့်ပြည်သူများအား အွန်လိုင်းမှတစ်ဆင့် လှူဒါန်းနိုင်မည့်အစီအစဉ်ကို Kaymu ဝက်ဘ်ဆိုက်မှ ပြုလုပ်ထား

**ရန်ကုန် ဩဂုတ် ၁၄**

ရေဘေးသင့်ပြည်သူများအတွက် အွန်လိုင်းမှတစ်ဆင့် လှူဒါန်းနိုင်မည့် အစီအစဉ်ကို အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Kay mu.com.mm က ဩဂုတ် ၁၁ ရက်မှ စတင်ပြုလုပ်ထားကြောင်း သိရသည်။

ရန်ကုန်မြို့မှ အွန်လိုင်းအသုံးပြုသူများအနေဖြင့် ရေဘေးသင့်ပြည်သူများအား အလွယ်တကူလှူဒါန်းနိုင်ရန် စီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး လှူဒါန်းလိုသူများအနေဖြင့် kaymu.com.mm/savemyanmar လိပ်စာသို့ဝင်ရောက်ကာ ကျပ် ၁၀၀၀၀၊ ၂၀၀၀၀၊ ၅၀၀၀၀၊ ၁၀၀၀၀၀ စသည့် သတ်မှတ်ထားသည့်စာရင်းကို ဝက်ဘ်ဆိုက်တွင် ဈေးဝယ်ယူသကဲ့သို့ ရွေးချယ်နိုင်ပြီး လှူဒါန်းသူက ရွေးချယ်လိုက်သောငွေပမာဏကို Kaymu ဝက်ဘ်ဆိုက်မှ အိမ်အရောက်လာရောက်ကောက်ခံပေးမည်ဖြစ်ကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းငွေကို အခမဲ့လာရောက်ကောက်ခံပေးမည် ဖြစ်ကြောင်းနှင့် လှူဒါန်းသည့် ငွေကြေးအားလုံးကို ရေဘေးသင့် ပြည်သူများထံ ပေးလှူသွားမည်ဖြစ်ကြောင်း သိရသည်။ အလှူငွေများကို မြန်မာနိုင်ငံရှိ ရေဘေးကယ်ဆယ်ရေးအတွက် ပြုလုပ်နေသည့် Save the Children အဖွဲ့အစည်းနှင့် Facebook Fundraiser Campaign များတွင် ထည့်ဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအွန်လိုင်းမှ လှူဒါန်းနိုင်မည့် အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်များကို www.facebook. com/myanmarfloodrelief ၌လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# MEC ဖုန်းများကိုတစ်ကျော့ပြန်လူကြိုက်များလာမလား

MPT၊ တယ်လီနောနှင့် အော်ရီဒူး တို့၏ ဖုန်းခေါ်ဆိုခများနှင့် အင်တာနက်သုံးခများ အပြိုင်အဆိုင်လျှော့ချ၍ ဝန်ဆောင်မှုပေးနေချိန်တွင် MEC ၏ CDMA 800 ဖုန်း (၀၉၃၁၊ ၀၉၃၂ နှင့် ၀၉၃၃. . နံပါတ်များ) ကလည်း ဖုန်းခေါ်ဆိုခနှင့် အင်တာနက်သုံးခများကို ဩဂုတ် ၁၂ ရက်မှစ၍ လျှော့ချလိုက်ပြီး လျှော့ချလိုက်သည့် ဈေးနှုန်းသစ်နှင့် လက်ရှိဝန်ဆောင်မှုအရ MEC ဖုန်းများကို ပြန်၍ လူကြိုက်များလာဖွယ်ရှိနေကြောင်း သိရသည်။

ဖုန်းခေါ်ဆိုခမှာ ယခင်က မည်သည့်ဖုန်းမဆို တစ်မိနစ် ၅၀ကျပ်မှ MEC ဖုန်းအချင်းချင်းခေါ်ဆိုပါက တစ်မိနစ်လျှင် ၂၂ ကျပ်နှုန်းနှင့် အခြားဖုန်းများသို့ ခေါ်ဆိုပါက တစ်မိနစ်လျှင် ၂၃ ကျပ်နှုန်းအထိ လျှော့ချလိုက်ခြင်းဖြစ်သည်။ အင်တာနက်အသုံးပြုခကိုလည်း လက်ရှိတစ်မိနစ်လေးကျပ်နှုန်းမှ သုံးကျပ်နှုန်းသို့ လျှော့ချထားသည်။

ဖုန်းခေါ်ဆိုခကို တစ်ဝက်ကျော်ခန့်အထိ လျှော့ချလိုက်ပြီးနောက် MPT ၏ လက်ရှိပုံမှန်ဖုန်းခေါ်ဆိုခ တစ်မိနစ်ကျပ် ၅၀ နှုန်းထက် များစွာသက်သာလာပြီး ဆွေသဟာအစီအစဉ်ဖြင့် အသုံးပြုသည့် တစ်မိနစ် ၂၃ ကျပ်နှုန်းနှင့် ဈေးနှုန်းတန်းတူဖြစ်လာသည်။ အခြားအော်ပရေတာများဖြစ်သော တယ်လီနော၏ တစ်မိနစ် ၂၅ ကျပ်နှုန်းထက်လည်း အနည်းငယ် သက်သာလာပြီး အော်ရီဒူး၏ တစ်မိနစ် ၂၀ ကျပ်နှုန်းနှင့်လည်း တန်းတူနီးပါး ဖြစ်လာသည်။

အင်တာနက်အသုံးပြုခမှာလည်း တစ်မိနစ် သုံးကျပ်နှုန်းသို့ လျှော့ချလိုက်သဖြင့် မိနစ်အလိုက် အင်တာနက်သုံးခဖြတ်ခြင်းကို ကြိုက်သူများသည့် ပြည်တွင်းဈေးကွက်နှင့် အကိုက်ညီဆုံးဖြစ်လာသည်။ MPT ၏ အင်တာနက်အသုံးပြုခမှာ တစ်မိနစ် နှစ်ကျပ်နှုန်းဖြစ်သော်လည်း ဖုန်းခေါ်ဆိုခမှာ ၅၀ ကျပ်ဖြစ်သည်။ ဆွေသဟာအစီအစဉ်ဖြင့် သုံးပါက




ဖုန်းခေါ်ဆိုခ ၂၃ ကျပ်သာ ကျသင့်သော်လည်း အင်တာနက်သုံးခမှာ မိနစ်ဖြင့် ဖြတ်ခြင်းမဟုတ်တော့ဘဲ သုံးသည့်ဒေတာအလိုက် 1MB လျှင် ခုနစ်ကျပ်ခွဲ ဖြတ်ခြင်းဖြစ်သဖြင့် ကုန်ကျစရိတ်ပိုများသည်။ တယ်လီနောက ဖုန်းခေါ်ဆိုခ ၂၅ ကျပ်နှင့် အင်တာနက်သုံးခမှာ ဒေတာအလိုက် 1MB လျှင် ငါးကျပ်ဖြစ်သည်။ အော်ရီဒူးက ဖုန်းခေါ်ဆိုခ ၂၀ ကျပ်နှင့် အင်တာနက်သုံးခမှာ 1MB လျှင် ခြောက်ကျပ်ဖြစ်သည်။

"ဒီမတိုင်ခင်ရက်တွေအထိတော့ MEC က တော်တော်လူကြိုက်နည်းနေတယ်။ ငွေဖြည့်ကတ်တွေထဲမှာ MEC ကတ်တွေက ရောင်းအားအနည်းဆုံးပဲ။ တခြားငွေဖြည့်ကတ်တွေက အရောင်းသွက်သလို ဈေးကလည်း တယ်လီနောနဲ့ အော်ရီဒူးက ပုံမှန်ပဲ။ MPT ကတ်တွေကတော့ ငါးထောင်တန်ကို ၄၉၀၀ နဲ့ တစ်သောင်းတန်ကို ၉၈၀၀ လောက်အထိ လျှော့ရောင်းတာရှိတယ်။ MEC ကတ်ကတော့ ဝယ်တဲ့လူနည်းလို့ ကျွန်တော့်ဆိုင်မှာ ၅၀၀၀ တန်ကို ၄၈၀၀၊ ၁၀၀၀၀ တန်ကို ၉၅၀၀ နဲ့ ရောင်းနေတာကြာပြီ"ဟု တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်းအတွင်းမှ ဖုန်းငွေဖြည့်ကတ်များရောင်းသော ဆိုင်ရှင်တစ်ဦးကပြောသည်။ လမ်းမတော်မြို့နယ်အတွင်းမှ ဖုန်းငွေဖြည့်ကတ် အရောင်းဆိုင်တစ်ဆိုင်တွင်လည်း MEC ငွေဖြည့်ကတ် ၅၀၀၀ တန်ကို ၄၇၀၀ နှင့် ၁၀၀၀၀ တန်ကို ၉၀၀၀ နှုန်းအထိ လျှော့ရောင်းလျက်ရှိသည်။

အော်ပရေတာသစ်များ ပေါ်လာပြီးနောက် ဈေးနှုန်းများ အပြိုင်လျှော့ချသဖြင့် တစ်ခါတစ်ရံ Bonus ပေးခြင်းမှအပ ဈေးနှုန်းလျှော့ချခြင်း မရှိဘဲ တစ်မိနစ် ၅၀ ကျပ်နှုန်း တင်းခံနေခဲ့သော MPT နှင့် MEC ဖုန်းများမှာ အသုံးပြုသူနည်းလာပြီး ငွေဖြည့်ကတ်များမှာလည်း အရောင်းအဝယ် နည်းလာခြင်းဖြစ်သည်။ MPT သည် ၂၀၁၄ နှစ်ကုန်ပိုင်းတွင် ဆွေသဟာအစီအစဉ်ကို စတင်၍ ဈေးနှုန်းလျှော့ချမှုများ ပြုလုပ်ခဲ့သော်လည်း MEC ဖုန်းများမှာမူ ယခုအကြိမ်သာ ပထမဆုံး ဈေးလျှော့ခြင်းဖြစ်သည်။

**MPT သည် ၂၀၁၄ နှစ်ကုန်ပိုင်းတွင် ဆွေသဟာအစီအစဉ်ကို စတင်၍ ဈေးနှုန်းလျှော့ချမှုများပြုလုပ်ခဲ့သော်လည်း MEC ဖုန်းများမှာမူ ယခုအကြိမ်သာ ပထမဆုံး ဈေးလျှော့ခြင်းဖြစ်သည်။**

"MEC က ဖုန်းလိုင်းအနေနဲ့ဆိုရင် ပြောရတာ မဆိုးဘူး။ အသံကြည်သလို နေရာတော်တော်များများမှာ လိုင်းမိတယ်။ အင်တာနက်ကတော့ တစ်ခါတလေ တော်တော်ကောင်းသလို တစ်ခါတလေကျတော့လည်း တော်တော်ကို ညံ့တယ်။ ဘာပဲဖြစ်ဖြစ် ဖုန်းလိုင်းမိတဲ့အနေအထား၊ အင်တာနက်လိုင်း အနေအထားနဲ့ တွက်ရင် အခုလျှော့လိုက်တဲ့နှုန်းကတော့ တော်တော်လေး အဆင်ပြေသွားပါတယ်"ဟု MEC နှင့် တယ်လီနောကို တွဲသုံးနေသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ဆင်းကတ်အမျိုးမျိုးရောင်းချသော ဆိုင်ရှင်တစ်ဦးက "MEC ကတ်တွေက လူကြိုက်နည်းသလို အဝယ်လည်းနည်းပေမယ့် ကတ်အသစ်က ရှားလို့ ဈေးနှုန်းက သူအများဆုံးပဲ။ အခုလက်ရှိဈေးကွက်မှာဆိုရင် ဈေးနှုန်းတွေက တယ်လီနော၊ အော်ရီဒူးနဲ့ အမ်ပီတီက တစ်ကတ်ကို နှစ်ထောင်ပေါ့။ MEC က တစ်ကတ် ၆၀၀၀ နဲ့ နံပါတ်လှရင် ၁၀၀၀၀ လောက်ရှိတယ်။ ရောင်းအားကတော့ နည်းတယ်။ တခြားကတ်တွေ ၁၀ကတ်ရောင်းရလို့ MEC တစ်ကတ်မရောင်းရဘူး။ ဒါပေမယ့် တချို့နယ်ကလူတွေတော့ ဝယ်ကြသေးတယ်။ အခုဈေးလျှော့လိုက်တဲ့ နှုန်းအတိုင်းဆိုရင်တော့ ရန်ကုန်ဈေးကွက်မှာပါ ပြန်ပြီး လူကြိုက်များလာနိုင်တယ်"ဟု ပြောသည်။

MEC ၏ လက်ရှိဖုန်းလိုင်းနှင့် အင်တာနက်လိုင်းအခြေအနေနှင့် ယခုလျှော့ချလိုက်သော ဈေးနှုန်းအရ ဖုန်းခေါ်ဆိုခနှင့် အင်တာနက်သုံးခနှစ်ခုပေါင်းအနေဖြင့် အသုံးပြုရန်သင့်တော်သောနှုန်းထားများဖြစ်နေသဖြင့် လူကြိုက်နည်းခဲ့သည်မှာ ကြာပြီဖြစ်သော MEC ဖုန်းများကို တစ်ဖန်ပြန်၍ လူကြိုက်များလာဖွယ်ရှိနေကြောင်း ဖုန်းဆင်းကတ်ဈေးကွက်မှ သိရသည်။ ။

**သတင်းဆောင်းပါး-သူရဖြိုး**

## ပထမဆုံး အွန်လိုင်းလက်ကားရောင်းဝယ်ရေးဈေးကွက် စတင်ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၄**

အွန်လိုင်းမှတစ်ဆင့် ဈေးအရောင်းအဝယ်ပြုလုပ်ရာတွင် လက်လီအရောင်းအဝယ်လုပ်သူများသာမက လက်ကားအရောင်းအဝယ်ပြုလုပ်လိုသူများအတွက်ပါ အဆင်ပြေစေရန်အတွက် အွန်လိုင်းလက်ကားဈေးကွက်ကို အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော kaymu.com.mm က ဩဂုတ် ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရောင်းချလိုသူများအနေဖြင့် ဝက်ဘ်ဆိုက်တွင်ဝင်ရောက်ကြော်ငြာ၍ ရောင်းချနိုင်ကြောင်း သိရသည်။

အွန်လိုင်းတွင်ရောင်းချသော ကုန်ပစ္စည်းများကို ပြင်ပရှိ လက်ကားဈေးကွက်ပေါက်ဈေးများထက် ပို၍ သက်သာစေရန် ရည်ရွယ်ထားပြီး ရောင်းချသူများထံမှ ကုန်ပစ္စည်းအမျိုးမျိုးကို ဈေးနှုန်းအမျိုးမျိုးဖြင့် ပြသထားမည်ဖြစ်သဖြင့် ဝယ်ယူသူများအနေဖြင့် ရွေးချယ်စရာများလည်း အများအပြားရှိမည်ဖြစ်ကြောင်း သိရသည်။

"Kaymu ဝက်ဘ်ဆိုက်ကို လစဉ်လာရောက်ကြည့်ရှုသူ နှစ်သိန်းကျော်ရှိပါတယ်။ ဒါဟာ အပြင်မှာ သာမန်ဆိုင်တစ်ဆိုင်ဖွင့်တာထက် အများကြီးအားသာပါတယ်။ အပြင်မှာရောင်းချနေသူတွေအနေနဲ့ အွန်လိုင်းမှာပါ ရောင်းချနိုင်အောင် လက်ကားဈေးကွက်ကို ဖွင့်လှစ်လိုက်တာပါ" ဟု Kaymu.com.mm မှ Country Manager Max Langer က ပြောသည်။

လက်ရှိတွင် ဝက်ဘ်ဆိုက်ပေါ်၌ လက်ကားကုန်ပစ္စည်းအမျိုးတစ်ထောင်ကျော် ရှိနေပြီဖြစ်ကာ ကုန်ပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် လက်ကားရောင်းချလိုသူများအနေဖြင့်လည်း ဝက်ဘ်ဆိုက်တွင်ဝင်၍ ရောင်းဝယ်နိုင်ပြီဖြစ်သည်။ Kaymu အွန်လိုင်းလက်ကားဈေးကွက်တွင် ရောင်းချလိုသူများအနေဖြင့် ရောင်းချမည့်ကုန်ပစ္စည်းများ in-stock ရှိထားရမည်ဖြစ်ပြီး ရောင်းချပြီးမှ မှာယူပေးသည့် Pre-order စနစ်ဖြစ်၍မရကြောင်း၊ ကုန်ပစ္စည်းအမျိုးအစားအပေါ် မူတည်၍ အရေအတွက်ကို အများအပြားရောင်းချနိုင်ကြောင်း သိရသည်။ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်၍ လက်ကားရောင်းချသူများအနေဖြင့် ကုန်ပစ္စည်းပို့ဆောင်မှုကို ကိုယ်တိုင်ဖြစ်စေ၊ Kaymu ရှိ ပို့ဆောင်ရေးကုမ္ပဏီမှဖြစ်စေ ပို့ဆောင်ရောင်းချနိုင်မည်ဟု သိရသည်။

"ကြီးမားတဲ့ ဈေးကွက်တစ်ခုတည်းပေါ်မှာ ကုန်ပစ္စည်းမြောက်များစွာကို လက်ကားရောင်းချနိုင်အောင် စီစဉ်ပေးထားပါတယ်။ အွန်လိုင်းကနေ လက်ကားရောင်းဝယ်ခြင်းဟာ ကုန်ပစ္စည်းတွေကို သွားကြည့်ရတဲ့ အချိန်ကုန်ကျမှုကိုလည်း သက်သာစေမယ့်အပြင် အမျိုးမျိုးသောကုန်ပစ္စည်းဈေးနှုန်းတွေကို တစ်နေရာတည်းမှာ နှိုင်းယှဉ်နိုင်မှာဖြစ်ပါတယ်"ဟု Max Langer က အွန်လိုင်းလက်ကားရောင်းချခြင်း၏ အားသာချက်ကို ပြောသည်။ ထို့အပြင် အွန်လိုင်းရှော့ပင်လုပ်ငန်းကို မြန်မာနိုင်ငံတွင်လက်ရှိလုပ်ကိုင်နေသူများ၊ ယခုမှ လုပ်ငန်းစတင်မည့်သူများနှင့် စွန့်ဦးလုပ်ငန်းရှင်များအတွက် ဈေးကွက်ထိုးဖောက်ရာတွင် လွယ်ကူစေရန်လည်းရည်ရွယ်၍ အွန်လိုင်းလက်ကားဈေးကွက်ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။




Kaymu အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်၏ လက်ကားဈေးကွက်ဖွင့်လှစ်သည့် မိတ်ဆက်ပွဲကို ဩဂုတ် ၁၁ ရက်က Central ဟိုတယ်၌ ကျင်းပခဲ့သည်။ Kaymu.com.mm ဝက်ဘ်ဆိုက်သည် ဂျာမနီအခြေစိုက် Rocket Internet ကုမ္ပဏီ၏ မြန်မာနိုင်ငံ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် လက်ရှိရောင်းချနေသည့် အွန်လိုင်းရှော့ပင်များတွင် အကြီးဆုံးလုပ်ငန်းဖြစ်ကာ အိုင်တီနည်းပညာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်နှင့်ဖက်ရှင်ဆိုင်ရာပစ္စည်းများအပါအဝင် ပစ္စည်းအမျိုးမျိုးကို ရောင်းချလျက်ရှိသည်။

**သူရဖြိုး**



# ကလေးခရိုင်အတွင်း ရေကြီးနစ်မြုပ်၍ ပိတ်ထားသောကျောင်းများပြန်ဖွင့်

**ကလေး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်၊ မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်များ ဇူလိုင် ၂၈ ရက်ကစ၍ ခရိုင်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားကာ အခြေခံပညာအထက်တန်းကျောင်း ၁၄ ကျောင်းနှင့် အလယ်တန်းကျောင်း ၆၁ ကျောင်း၊ မူလတန်းကျောင်း ၃၆ ကျောင်း စုစုပေါင်း ၁၁၁ ကျောင်းတို့ ရေနစ်မြုပ်သဖြင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည်။

အဆိုပါပိတ်ထားသော ကလေး၊ ကလေးဝ၊ မင်းကင်းနှင့်တမူးမြို့နယ်တို့မှ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းသားမိဘများ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေကျသည်နှင့် တစ်ပြိုင်နက်တင်ကျန်သည့် နုန်းမြေများကို စာသင်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ် ၁၁ ရက်အထိ အထက်တန်းကျောင်း ၁၄ ကျောင်း၊ အလယ်တန်းကျောင်း ၅၆ ကျောင်းနှင့် မူလတန်းကျောင်း ၃၃ ကျောင်း စုစုပေါင်း ၁၀၃ ကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

**ဂျူနိုင်း**

# အင်းရွာနှင့်သက္ကယ်ကျင်းရွာကြားတွင် ပျက်စီးနေသည့် ကားလမ်းပြုပြင်

**အင်းတော် ဩဂုတ် ၁၄**

အင်းတော်အင်း ဘေးတွင်ရှိသော အင်းတော်နှင့် သက္ကယ်ကျင်းရွာကြားရှိ အင်းတော်-ဗန်းမောက်ကားလမ်းကို ဇူလိုင် ၂၉ ရက်ကစပြီး အင်းတော်မြို့နယ် ဆောက်လုပ်ရေး အင်ဂျင်နီယာတာဝန်ခံက ကြီးကြပ်၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

"တောင်ကမြေပြိုလာလို့ လျှောကျလာတဲ့ မြေတွေဟာကားလမ်းပေါ်မှာ နေ့တိုင်းပဲရောက်ရှိလာတယ်။ မြေထိုးကားတွေနဲ့ ရွေ့လျားလာတဲ့မြေတွေကိုထိုးပြီး မြေသယ်ကားတွေနဲ့တင်ပြီး လိုအပ်နေတဲ့ နေရာတွေကိုပို့ပြီး အသုံးပြုဖို့ လုပ်ဆောင်နေကြပါတယ်" ဟု လမ်းဆောက်လုပ်ရေး ကားလမ်းအလုပ်သမား အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဝင်းက ပြောကြားခဲ့သည်။

အင်းတော်- ဗန်းမောက်သွား ကားလမ်းမကြီး မြေကြောပြတ်ကာ ရွေ့လျားသွားသောကြောင့် ကားလမ်းမကြီးကို ယခုရက်ပိုင်းတွင် ပြန်လည်ပြုပြင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး**




# ရေဝင်နစ်မြုပ်ပျက်စီးခဲ့သောလယ်မြေများ အမြန်ဆုံးစိုက်ပျိုးနိုင်ရေးဆောင်ရွက်

**ရေတာရှည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆင်ဝွေကျေးရွာအုပ်စုတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းခဲ့သောကြောင့် ရေဝင်နစ်မြုပ်ကာပျက်စီးခဲ့သော လယ်မြေများအချိန်မီ ပြန်လည်စိုက်ပျိုးရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများ ကိုင်တွယ်မောင်းနှင်သည့် စက်ကိရိယာများအားပြုပြင်ခြင်း၊ စက်ကိရိယာများ စနစ်တကျကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် ဩဂုတ် ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



"တောင်သူတွေ စက်ကိရိယာသုံးစွဲတဲ့အခါမှာ စနစ်တကျကိုင်တွယ်တတ်ဖို့လိုပါတယ်၊ အကိုင်အတွယ်မတတ်ရင် ဖျက်ဆီးသလိုမဖြစ်ဖို့ ကျွန်တော်တို့ရုံးက ဝန်ထမ်းတွေကို ကွင်းဆင်းပြီးတော့ ဆောင်ရွက်ခိုင်းတာပါ"ဟု မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးဝင်းမွန်က ပြောသည်။

ချောင်းငယ် မြောင်းငယ်များ ရေလျှံမှုကြောင့် ရေတာရှည်မြို့ဝန်းကျင်နှင့် အင်ဒိုင်းကျေးရွာအုပ်စု၊ ဆင်ဝွေကျေးရွာအုပ်စု၊ ကျွဲရိုင်းပြင်ကျေးရွာအုပ်စုများရှိ လယ်မြေဧကထောင်ချီ၍ပျက်စီးခဲ့ပြီး အဆိုပါဒေသများရှိ တောင်သူများ၏လုပ်ငန်းခွင်တွင် အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလိုပံ့ပိုးကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## သတင်းတိုများ

### လျှပ်စစ်လုပ်သားကျွမ်းကျင်မှု သင်တန်းဖွင့်

ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)မှ ကြီးမှူးကျင်းပသော လျှပ်စစ်လုပ်သားကျွမ်းကျင်မှုသင်တန်းအပတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်က ချောင်းဆုံမြို့နယ် ရွာလွတ်(အထက) ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်လျှပ်စစ်ဝန်ကြီး နိုင်လဝီအောင်က သင်တန်းသားများအား သင်တန်းကို စိတ်ပါဝင်စား တတ်မြောက်အောင် တက်ရောက်စေလိုကြောင်း မှာကြားသည်။ အဆိုပါသင်တန်းကို စက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီးဦးဆောင်ပြီး သင်တန်းနည်းပြဆရာငါးဦးတို့က မြို့နယ်အတွင်းရှိ သင်တန်းသား ၄၀တို့ကို စာတွေ့/ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်ပေါင်း ၄၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ထူးအိမ်(ပြန်/ဆက်)**

### လက်တွန်းထွန်စက်နှင့် ရေစုပ်စက်များ ပြင်ဆင်

မိုးကောင်းမြို့နယ်မှ ရေနစ်မြုပ်ပျက်စီးသည့် လယ်မြေများ ရေကျချိန်တွင် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနပိုင်ထွန်စက်များဖြင့် ကူညီထွန်ယက်ပေးနေပြီး တောင်သူပိုင်လက်တွန်းထွန်စက်နှင့် ရေစုပ်စက်များကိုလည်း ဌာနမှ စက်ပြင်ဝန်ထမ်းများက ပြင်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၁၁ ရက်အထိ လက်တွန်းထွန်စက် ၅၅ စီးနှင့် ရေစုပ်စက် ၂၂ လုံး ပြင်ဆင်ပေးနိုင်ခဲ့ခြင်းကြောင့် တောင်သူများအနေဖြင့် ၎င်းတို့၏ လယ်မြေများ ပြန်လည် ထွန်ယက်စိုက်ပျိုးရာတွင် ကောင်းမွန်စွာ အသုံးပြုနေကြပြီဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ထွန်းက ပြောကြားသည်။ **ဝင်းအောင်**

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ် (TSDP) အရ ကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်းရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက မိုးနဲမြို့မအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ပြိုင်ပွဲဖွင့်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားအသင်းများက သစ္စာအဓိဋ္ဌာန်(၄)ချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ပြိုင်ပွဲတွင် အုပ်စု(က)အသင်းမှ ဌာနဆိုင်ရာများအသင်းနှင့် ကျိုင်းတောင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပွဲပြီးချိန်တွင် ကျိုင်းတောင်းဘောလုံးအသင်းက ဌာနဆိုင်ရာများ ဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးနှင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲတွင် အသင်းပေါင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ**

### အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ကျင်းပ

ကယားပြည်နယ် ဒီးမော့ဆိုမြို့ တနီးလာလဲကျေးရွာ ကန်ခုနစ်ဆင့်၌ ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အမှိုက်ကောက်ပွဲတော်ကို ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကယားပြည်နယ်တာဝန်ခံ ဦးမော်မော်ကို ဦးဆောင်၍ ကန်ခုနစ်ဆင့်ဝန်းကျင်တစ်ဝိုက် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းလုပ်ဆောင်ခဲ့ပြီး ခါတော်မီပျိုးပင် ၁၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထို့နောက် ဒီးမော့ဆိုမြို့ ဒေါင်ခါးအထကကျောင်း၌ မွန်းလွဲ ၂ နာရီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

### မြစိမ်းရောင်စီမံကိန်းကော်မတီများ ဖွဲ့စည်း

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာ၌ မြစိမ်းရောင်စီမံကိန်းများဆောင်ရွက်ရန် ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဘဏ္ဍာရေးဆပ်ကော်မတီများ ဖွဲ့စည်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရက အရင်းမပျောက် မတည်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀၀ ဖြင့် ခြေတော်ရာ၊ ဝင်းခနိမ်၊ သိမ်ကုန်း၊ ဇောတိကျုံချောင်၊ စလူချောင်း၊ ဇလုပ်ကြီး၊ ကံဘေးအိုင်၊ ကျောက်နဂါး၊ ကျောက်လုံးကြီး၊ ဒလဆိပ်၊ မိုးခို၊ ညောင်ပင်ကြီး၊ ပြည်တော်သာ၊ ရွာမ၊ ကျောင်းစု၊ တံခွန်တိုင်၊ သရက်ချောင်း စသည့်ကျေးရွာများတွင် မြစိမ်းရောင်စီမံကိန်းကော်မတီဖွဲ့စည်းရန် မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် မြို့နယ်မြစိမ်းရောင်ကော်မတီဝင်များတို့က ကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီများကို အများဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်အတွင်း ကယ်ဆယ်ရေးဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အကြံပြုသူများပြား

**ရန်ကုန် ဩဂုတ် ၁၄**

၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေး(ရေဘေး) ဖြစ်ပေါ်ကျရောက်မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် ၁၁ ခု၌ ကြုံတွေ့ခံစားခဲ့ကြရသည်။ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင်လည်း ဧရာဝတီမြစ်ရေအလွန်အကျွံမြင့်တက်မှုကြောင့် ရေဘေးဒဏ်ကို ခံစားခဲ့ကြရသည်။ အဆိုပါသဘာဝဘေး ဖြစ်ပေါ်ကြုံတွေ့ရမှုပေါ်မူတည်၍ ရာသီဥတုနှင့် သဘာဝဘေးခန့်မှန်းမှုကျွမ်းကျင်သူများနှင့် အတွေ့အကြုံရှိ ဒေသခံများက မအူပင်ခရိုင် သို့မဟုတ် ညောင်တုန်းမြို့နယ်တွင် သင့်တော်သောနေရာ၌ ကယ်ဆယ်ရေးဦးစီးဌာနရုံးနှင့် ဆက်စပ်အစီအမံများတည်ဆောက်ဖွင့်လှစ်ပို့ချဆောင်ရွက်ထားရှိရန် သဘာဝအခြေအနေနှင့် ဒေသအခြေအနေအရ လိုအပ်မှုများရှိလာပြီဖြစ်ကြောင်း သုံးသပ်အကြံပြုလာကြသည်။

"ကျွန်တော်တို့ ညောင်တုန်းမြို့က ဧရာဝတီမြစ်ရဲ့စိန်ခေါ်မှုတွေကို အနည်းနဲ့အများဆိုသလို ဟိုတုန်းထဲက နှစ်စဉ်နီးပါးခံစားလာခဲ့ရတာပါ။ ခုမှမဟုတ်ပါဘူး။ မိုးတွင်းမိုးခါ ဝါဆိုဝါခေါင်ရေဖောင်ပြီဆိုတာနဲ့ စိုးရိမ်နေရပါတယ်။ တာကလည်း ကျိုးလုကျိုးလုနဲ့ ပွတ်ကာသီကာလေးနဲ့ လွတ်မြောက်လာခဲ့ရတာပါ။ ခန့်မှန်းခြေ ၂၀၀၀ ပြည့်နှစ်မတိုင်မီ အရင်တုန်းက ဒီလိုရေတက်လေ့တက်ထရှိပေမယ့် ခုလိုရက်တိုတိုနဲ့ ရေတိုးမကြမ်းဘူး။ ခုဟာက ခုနစ်ရက်အတွင်းမှာတင် စိုးရိမ်ရေမှတ်ကျော်၊ အန္တရာယ်ရေမှတ်ကျော်ဆိုတော့ ခါတိုင်းလိုနေလို့တော့ အသက်အိုးအိမ်အတွက် စိတ်မချရတော့ဘူး။ မြို့ကိုကာကွယ်ထားတဲ့ ရေကာတာနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ ဆည်မြောင်းတာတွေကို သာမန်မဟုတ်ဘဲ အထူးတလည်စိတ်ချရလောက်တဲ့အထိ လုံလောက်တဲ့ ကြံ့ခိုင်တောင့်တင်းမှုရှိအောင် ပြင်ဆင်တည်ဆောက်မွမ်းမံပေးစေချင်ပါတယ်။ ဒါမှ ရေဘေးကို အတိုင်းအတာတစ်ခုထိ ကြိုတင်ကာကွယ်ရာရောက်မှာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုနှစ်အတွင်း အဆိုပါရေကြီးမှုဖြစ်စဉ်ကြောင့် ညောင်တုန်းမြို့နယ်အတွင်း ဩဂုတ် ၉ ရက်အထိ စာရင်းအရ စိုက်ပျိုး ဧက ၉၉၈၈ ဧက၊ ဘုန်းကြီးကျောင်းပေါင်း ၄၄ ကျောင်း၊ စာသင်ကျောင်းပေါင်း ၆၈ ကျောင်း ရေနစ်မြုပ်ခဲ့ပြီး အိမ်ထောင်စုပေါင်း ၁၀၆၇၄ စုနှင့် လူဦးရေ ၄၆၇၀၃ဦး ရေဘေးသင့်ခဲ့ရကြောင်း သိရသည်။

"သဘာဝဘေးဆိုတာ အခါအားလျော်စွာ ကြုံတွေ့ရတတ်တဲ့အရာပါ။ အခုဆိုရင် ကမ္ဘာ့ဒေသတော်တော်များများမှာလည်း သဘာဝဘေးတွေနဲ့ကြုံတွေ့နေရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနဲ့ အခု ၂၀၁၅ ရေကြီးမှုကလည်း ကျွန်တော်တို့ နိုင်ငံအတွက် ပြောင်းလဲလာတဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ဒီအတွက် ကြိုတင်ပြင်ဆင်မှုနဲ့ ဖြေရှင်းနိုင်ဖို့အတွက် အထောက်အကူဖြစ်စေတဲ့ ကယ်ဆယ်ရေးဦးစီးဌာန ခရိုင်အဆင့်ရုံး ဒါမှမဟုတ် မြို့နယ်အဆင့်ရုံးတည်ဆောက်ဖွင့်လှစ်ပေးဖို့နဲ့ အကြောင်းအမျိုးမျိုးကြောင့် မဖွင့်ပေးနိုင်ရင်လည်း ဘေးလွတ်စခန်းတွေ၊ အသက်ကယ်ကုန်းတွေ၊ သဘာဝဘေးအသိရှိဖို့ ဟောပြောပွဲတွေ၊ သင်တန်းပေးတာတွေ၊ သဘာဝဘေးလျှော့ပါးရေးနဲ့ ကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ပေးတာတွေစတဲ့ ဆက်စပ်အစီအမံတွေ ပို့ချဆောင်ရွက်ပေးဖို့လိုအပ်လာပြီလို့ ထင်ပါတယ်။ ဒါမှသာ သဘာဝဘေးကြောင့်ဖြစ်ရတဲ့အန္တရာယ်နဲ့ ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေကနေ လွတ်မြောက်နိုင်မယ်လို့ ယူဆပါတယ်။ ညောင်တုန်းမြို့နယ်တင်မဟုတ်ဘဲ သဘာဝဘေးကြုံတွေ့ခံစားကြရလေ့ရှိတဲ့ မြို့ရွာဒေသတွေမှာလည်း အလားတူ တည်ဆောက်ဖွင့်လှစ်ပို့ချဆောင်ရွက်ထားကြဖို့ လိုအပ်လာပြီလို့ အကြံပြုချင်ပါတယ်"ဟု ရေဘေးကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသူ သတင်းထောက် ဦးညွန့်ဗိုလ်(အတွင်းရေးမှူး) မြို့နယ်စာရေးဆရာအသင်း ညောင်တုန်းက သုံးသပ်ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ယနေ့ထိမုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) ၅၀ ကျော်နှင့် သက်ကယ်ကုန်း (hill lock) များတည်ဆောက်ပေးထားပြီး တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်မှ မြို့နယ်နှင့်ရပ်/ကျေးအဆင့်ထိ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သပြေထွန်း**

# ရခိုင်ပြည်နယ် မျိုးစပါး ၁၄ဂဂ၁ တင်း ဖြန့်ဖြူး ၇၆၂၇၆ ဧက ပြန်လည်စိုက်ပျိုးပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၁၃**

ရခိုင်ပြည်နယ်တွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ် ၁၅ မြို့နယ်တွင် စပါးစိုက်ဧက ၂၁၇၂၄၆ ပျက်စီးခဲ့သည်။ ပျက်စီးဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် မျိုးစပါးတင်းပေါင်း ၂၁၇၂၄၆ တင်း လိုအပ်မည်ဖြစ်သော်လည်း တောင်သူအများစုသည် မိမိလက်ဝယ်တွင်ရှိသော အရန်မျိုးစပါးများဖြင့်လည်း စိုက်ပျိုးသွားကြမည် ဖြစ်သည့်အတွက် အမှန်တကယ်ဖြန့်ဖြူးရမည့်မျိုးမှာ ၆၁၅၈၁ တင်းဖြစ်ရာ ဩဂုတ် ၁၂ ရက်အထိ မျိုးစပါး ၁၄၈၈၁ တင်းကို ဖြန့်ဖြူးပြီးဖြစ်သည်။ ပျက်စီးဧကများအား ပြန်လည်စိုက်ပျိုးမှုမှာ ဩဂုတ် ၁၂ ရက်အထိ ၇၆၂၇၆ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အာဟာရတိုက်ကျွေး

**ဖာပွန် ဩဂုတ် ၁၄**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အာဟာရတိုက်ကျွေးခြင်းကို အမှတ်(၂)ရပ်ကွက် မူလတန်းကျောင်း၌ ဩဂုတ် ၁၁ ရက်က ကျင်းပရာ အခမ်းအနားသို့ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌ ဒေါ်သိန်းနုက ကလေးများအား အာဟာရတိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောပြီး ကျန်းမာရေးဌာန ဆရာမဒေါ်ဆင်ဒရဲလာက ကျန်းမာရေးအကြောင်း သိကောင်းစရာများ၊ မြို့နယ်ကျန်းမာရေးမှူး ဒေါ်အေးမြင့်သန်းက ပညာရေးဆိုင်ရာသင်ကြားမှုများကို ရှင်းလင်းပြောကြားကာ မူလတန်းအရွယ် ကလေးသူငယ်များအား အာဟာရရှိစေသော ပဲနို့နှင့် ကိတ်မုန့်များကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

# "Idea Platform for Successful BusinessTraining" သင်တန်းကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၄**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် လုပ်ငန်းစတင်တည်ထောင်လိုသူများကို အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ချိန်တွင် ၎င်းတို့လုပ်ငန်းကို ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် လုပ်ငန်းတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် အသိဉာဏ်ရရှိစေရန်ရည်ရွယ်၍ ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းနှင့်ပူးပေါင်း၍ "Idea Platform for Successful Business Training" သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသင်တန်းတွင် MHR Training School မှ ကျောင်းအုပ်ကြီး ပါမောက္ခဦးအေးကျော်အပါအဝင် ပြည်တွင်းပညာရှင်များက ဆွေးနွေးပို့ချမည်ဖြစ်ပြီး စိတ်ပါဝင်စား၍ တက်ရောက်လိုသော လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ စက်တင်ဘာ ၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

-ဒေါ်မူမူအေး၊ ဒုတိယညွှန်ကြားရေးမှူး၊
ဖုန်း-၀၁၈၆၀၃၈၂၆-၂၇၊ ဖက်စ်-၀၁၅၄၆၀၅၁၊
e-mail:smeyangon@gmail.com
အမှတ်(၃၅-ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
-ဦးစိုးနိုင်-ဒုတိယညွှန်ကြားရေးမှူး
SME ဌာနခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး
ဖုန်း-၀၇၁၂၃၂၀၄၊ ဖက်စ်-၀၇၁၂၆၅၀၆
e-mail:smesagaing@gmail.com

**(သတင်းစဉ်)**

# ကွန်ပျူတာ အခြေခံသင်တန်းဖွင့်

**လယ်ဝေး ဩဂုတ် ၁၄**

ကျေးလက်ပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ Mobile School အခြေခံကွန်ပျူတာသင်တန်း(ကားကျောင်း)ကို ဩဂုတ် ၁၂ ရက်က လယ်ဝေးမြို့နယ် အေလာအုပ်စု ဇေယျသိမ်ကျေးရွာ၌ Mobile School(ကားကျောင်း) အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဒေါ်ညိုညိုဝင်း၊ အေလာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသား/သူ ၄၀ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တံစိုသံကူကွန်ကရစ်ကားလမ်းတံတားကြီး၏ ပျက်စီးမှုပြုပြင်ပေးစေချင်

**အင်းတော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အင်းတော်မြို့နယ် နမီးချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသော တံစိုတံတားကြီး၏ ဆိုင်းဘုတ်အနီး၌ တံတားကြမ်းခင်းနှင့် ဆက်စပ်လျက်ရှိသောနေရာတွင် အပေါက်ကြီးဖြစ်ကာ ပျက်စီးလျက်ရှိနေကြောင်း သိရသည်။

"ဒီလိုတွေပျက်စီးမှုတွေဖြစ်ပေါ်လာတာက ဇူလိုင်လထဲရွာခဲ့တဲ့မိုးကြောင့်ဆိုရပါမယ်။ ဘာကြောင့်လဲဆိုတော့ နမီးချောင်းရေကလည်း ပြည့်နေတယ်။ ဒါပေမယ့် တံစိုတံတားကြီးကြောင့် လမ်းပန်းဆက်သွယ်ရေးတွေဟာ ရေကြီးရေလျှံမှုရှိသော်လည်း အဆင်ပြေပါတယ် အခုတံတားကြီးရဲ့ ဆိုင်းဘုတ်အနီးမှာ အပေါက်ကြီးဖြစ်ပြီး ပျက်စီးနေတာကို ယခုချိန်အထိသက်ဆိုင်ရာက ပြန်လည်ပြုပြင်ခြင်း မရှိသေးပါဘူး" ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

တံစိုတံတားကြီးသည် နမီးချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသောတံတားဖြစ်သလို အင်းတော်-ဗန်းမောက်ကားလမ်း အင်းတော်လမ်းပိုင်းတွင်ရှိသော တံတားကြီးဖြစ်၍ အဆိုပါတံတားကြီးကို အသုံးပြုသွားလာနေရသဖြင့် အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရေး ပြုပြင်ပေးပါရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



# ကားနောက်ပိုင်းမှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွား

**ကောလင်း ဩဂုတ် ၁၄**

ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မုံရွာမှကသာသို့ ပြေးဆွဲနေသော ယာဉ်အမှတ် ၉ခ/---- အောင်ရတနာမှန်လုံကားအား ယာဉ်မောင်း ဂျပန်(၃၀ နှစ်)၊ ဒီပဲယင်းမြို့နှင့် ယာဉ်နောက်လိုက်အောင်မျိုး(၂၈နှစ်)တို့က ခရီးသည် အမျိုးသားကိုးဦး၊ အမျိုးသမီးရှစ်ဦး၊ ကလေးတစ်ဦး တင်ဆောင်ပြီး မောင်းနှင်လာစဉ် ကသာခရိုင် ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာအနီးတွင် ကားနောက်ပိုင်းမှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာနေရာသို့ ကောလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်မြင့်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးငွေမြင့်နှင့်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ကားနောက်ပိုင်း ပျက်စီးဆုံးရှုံးမှုမှာ ငွေကျပ်သိန်း ၇၀ ခန့်နှင့်ခရီးသည်အသုံးအဆောင်ပစ္စည်း တန်ဖိုးငွေကျပ် ၁၀သိန်းခန့် စုစုပေါင်း ငွေကျပ် သိန်း ၈၀ ခန့် ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ပျိုရွယ်သူ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ



**လယ်ဝေး ဩဂုတ် ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပျိုရွယ်သူကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုက အမှာစကားပြောကြားပြီး လယ်ဝေးခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာစုစုထွန်းက ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာပေးခြင်း၊ ကျန်းမာရေးမှူး အဆင့်(၁)ဦးချစ်ဆွေက လူငယ်လူရွယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးခြင်း၊ မြို့မ လ/ထ ကျန်းမာရေးမှူး ဒေါ်ခင်ချောစုက (HIV/AIDS)ရောဂါအကြောင်းအသိပညာပေးဟောပြောသည်။

ဆက်လက်၍ဟောပြောပွဲအပြီးတွင် ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာပေး စကားဝိုင်းဆွေးနွေးပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့သည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# တောင်သမန်ကန်အတွင်း ငါးခိုးဖမ်းသည့်ပိုက်များကြောင့် ငါးများသေဆုံးရခြင်းဖြစ်

**အမရပူရ ဩဂုတ် ၁၄**

မန္တလေးအမရပူရမြို့နယ် တောင်သမန်ကန်အတွင်း ငါးဖမ်းပိုက်များ ကန်အတွင်း ခိုးချရာမှ ရက်အနည်းငယ်ကြာ ငါးဖမ်းပိုက်မဖော်နိုင်သဖြင့် ငါးနှင့်ပိုက်လုံးထွေးကာ ငါးဖမ်းပိုက်ပြုတ်ထွက်ပြီး ငါးများသေဆုံးမှုဖြစ်ပွားကြောင်းသိရသည်။

"တောင်သမန်ကန်က ရေတွေပြည့်နေတာ ငါးသေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ကန်ထဲမှာ ငါးခိုးဖမ်းတဲ့လူတွေလည်း အများကြီးပါပဲ၊ ကန်ထဲကို ငါးမျှားချိတ်နဲ့ ငါးမျှားယုံတင်မဟုတ်ဘဲ ငါးဖမ်းပိုက်အကြီးကြီးတွေချပြီး ငါးဖမ်းကြတယ်။ ကန်ထဲကို ကန်စောင့်တွေကပတ်နေတော့ ချထားတဲ့ ငါးဖမ်းပိုက်ကြီးတွေ ဖော်ချိန်မရတော့ဘူးလေ၊ ရက်ကြာလာတော့ ငါးဖမ်းပိုက်ကြီးတွေ



ပြုတ်ထွက်ပြီး ငါးသေတွေပေါ်လာတာပါ"ဟု ဒေသခံ ဦးစိုးဝင်းက ပြောသည်။

"တောင်သမန်ကန်ရေနည်းနေတုန်းက ကန်ထဲကို ငါးဖမ်းပိုက်အကြီးကြီးတွေ ချကြတယ်၊မိုးရာသီကန်ရေမြင့်လာတော့ ငါးဖမ်းပိုက်နေရာရွှေ့သွားပြီး ပိုက်တွေ မဖော်နိုင်ဘဲ ဒီအတိုင်းပစ်ထားကြတယ်၊ ခုတော့ ပိုက်တွေပြုတ်ထွက်ပြီး ငါးသေတွေကန်ရေပြင်ကို ပေါ်လာတာပါ"ဟု ဦးပိန်တံတားအနီးဒေသခံဈေးသည်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ တောင်သမန်ကန်ရေ သန့်စင်မှုကို အမြဲတမ်း တိုင်းတာလျက်ရှိပါတယ်။ ကန်ထဲက ငါးတွေအသက်ရှင်နေထိုင်နိုင်ဖို့ အောက်ဆီဂျင် လိုအပ်ချက်ညွှန်းကိန်းက Do 0.2ပါ။ လက်ရှိတောင်သမန်ကန်ရေကို သုံးနေရာခွဲပြီး စစ်ဆေးတိုင်းတာမှုတွေလုပ်ခဲ့ပါတယ်၊ စစ်ဆေးတိုင်းတာတွက်ချက်မှုအရ ကန်ရေ၏ သန့်စင်မှုအောက်ဆီဂျင် လိုအပ်ချက်ညွှန်းကိန်းက Do 3.9 ကနေ Do 4.29 ထိရှိနေတာကြောင့် ငါးသေဆုံးမှုလုံးဝမဖြစ်နိုင်ပါဘူး။ ရေဆိုးဝင်ရောက်မှုကြောင့် ငါးသေဆုံးမှုမဟုတ်သလို တောင်သမန်ကန်ရဲ့ရေက လက်ရှိအခြေအနေမှာ ဝင်ရောက်မှု များပြားနေတာတွေ့ရပါတယ်" ဟု ရေနှင့်သန့်ရှင်းမှု ဌာန ဌာနမှူး ဦးထွန်းဝင်းက ပြောသည်။

တောင်သမန်ကန်အတွင်း ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ငါးများသေဆုံးမှုဖြစ်ပွားသည်ဟု လူမှုကွန်ရက် (Facebook)စာမျက်နှာတွင် တွေ့ရှိရသဖြင့် သက်ဆိုင်ရာဌာနများကို သွားရောက်မေးမြန်းခဲ့ရာ ရေဆိုးဝင်ရောက်မှုကြောင့် သေဆုံးခြင်း မဟုတ်ဘဲ ငါးခိုးဖမ်းသည့် ပိုက်ကြီးများကြောင့် ငါးများသေဆုံးခြင်းသာဖြစ်ကြောင်း သိရှိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ချောင်းရေမြင့်တက်၍ စာသင်ကျောင်းအချို့ ခေတ္တပိတ်ထား

**ကျုံပျော် ဩဂုတ် ၁၄**

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ်ရှိ ဒါးကချောင်းသည် မြစ်ရေများ ဝင်ရောက်လာမှုကြောင့် တဖြည်းဖြည်းမြင့်တက်လျက်ရှိကာ ချောင်းနံဘေးကျေးရွာများရှိ စာသင်ကျောင်းအချို့တွင် ရေဝင်ရောက်လျက်ရှိပြီး ရေဝင်ရောက်မှုမရှိသော ကျောင်းများတွင်လည်း ကျောင်းသားများဖြတ်သန်းသွားလာရာတွင် အန္တရာယ်ကြုံတွေ့နိုင်သောကြောင့် စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားရကြောင်း သိရသည်။ ယာယီ ကျောင်းပိတ်ခြင်းကို ဩဂုတ် ၆ ရက်မှစတင်ဆောင်ရွက်ခဲ့ရပြီး ဩဂုတ် ၁၁ ရက်အထိ အလက(ခွဲ) (၂) ကျောင်းနှင့် အမက(၈)ကျောင်း ပေါင်း ၁၀ ကျောင်း ဆောင်ရွက်ခဲ့ရကာ ယာယီကျောင်းပိတ်ရက် ခုနစ်ရက်သတ်မှတ်ထားပြီး ရေအခြေအနေပေါ်မူတည်၍ ကျောင်းအချို့ထပ်မံပိတ်ပေးရနိုင်ကြောင်းနှင့် ကျောင်းများပျက်စီးမှုမရှိကြောင်းကို မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# မိုင်းအသိပညာပေးနည်းပြသင်တန်းဖွင့်

**ဗန်းမော် ဩဂုတ် ၁၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် လူမှုဖွံ့ဖြိုးရေးအသင်း (ကချင်ပြည်နယ်) မှ မိုင်းအသိပညာပေးနည်းပြသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးရဝေစိုး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူများနှင့်သင်တန်းသားသင်တန်းသူများ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၀ ရက် မှ ၁၂ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ- နန်းရီ**

# Hurricane Junior Golf Tour ပြိုင်ပွဲတွင် ဆုရရှိခဲ့သူများအား ဂုဏ်ပြုပွဲနှင့် Junior Golf Member များ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ အမေရိကန်နိုင်ငံ (Hurricane Junior Golf Tour) လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော မြန်မာလူငယ် ဂေါက်သီးရိုက်အား ကစားသမားများအား ဂုဏ်ပြုပွဲနှင့် Junior Golf Myanmar Member များ တွေ့ဆုံပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက ရန်ကုန် ဂေါက်ကလပ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)နှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး Junior Golf Myanmar ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က မိတ်ဆက်စကားပြောကြားပြီး လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားသမားများ ပြိုင်ပွဲ၌ ယှဉ်ပြိုင်ကစားသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) က ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော သင်းဝေခိုင်အားဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ ၅၃၀၀ ကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက ဂုဏ်ပြုမှတ်တမ်းကို ပေးအပ်သည်။

ထို့နောက် မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားသမားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် Junior Golf Myanmar Member များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဗုဒ္ဓဘာသာပညာရေးစင်တာကျောင်း ဒုတိယအကြိမ် ပဲအလှူတော်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ များလှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၁၄**

စစ်ကိုင်းတောင်ရိုး IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ၌ ဒုတိယအကြိမ်မြောက် သံဃာတော်များနှင့် သီလရှင်များအား ပဲအလှူတော်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်လောင်းလှူခဲ့ကြကြောင်း သိရသည်။

လှူဒါန်းပွဲပထမနေ့တွင် သုခမ္မာ ၆၅၂ ကျောင်းအတွက် ပဲပြည်ပေါင်း ၁၃၁၁၆ ကိုလည်းကောင်း၊ ဒုတိယနေ့တွင် ရွှေကျင် ၂၁၈ ကျောင်းအတွက် ပဲပြည်ပေါင်း ၈၁၇၂ ကိုလည်းကောင်း၊ တတိယနေ့တွင် သီလရှင် ၃၈၁ ကျောင်းအတွက် ပဲ ၁၂၇၈၆ ပြည်ကိုလည်းကောင်း၊ စတုတ္ထနေ့တွင် မင်းကွန်းဒေသရှိ သံဃာတော်များနှင့် သီလရှင်ကျောင်း ၁၆၀ အတွက် ပဲ ၃၀၉၈ ပြည်ဖြစ်ပြီး စုစုပေါင်း ပဲအလှူ တော်တွင် ပဲ ၃၇၁၇၂ ပြည်ကို အလှူရှင်များနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ အခြားလူမှုရေး အသင်းအဖွဲ့များက သုံးရက်တိုင်တိုင် လုပ်အားဒါနများ ပေးလှူခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**

# ရေဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ ဒုတိယအကြိမ်ရောက်ရှိ

**မူဆယ် ဩဂုတ် ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ယူနန်ပြည်နယ်အစိုးရမှ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် ဒုတိယအကြိမ်လှူဒါန်းပစ္စည်းများနှင့်အတူ ဩဂုတ် ၁၃ ရက် နံနက် ၆ နာရီခွဲတွင် မူဆယ်မြို့ မန့်ဝိန်းစစ်ဆေးရေးနယ်ခြားဂိတ်သို့ ဝင်ရောက်လာရာ အဆိုပါအဖွဲ့အား မြန်မာစစ်သံမှူး ဦးအောင်ကျော်ဦး လိုက်ပါပြီး မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ ခရိုင်လဝကမှူး ဦးဝင်းကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါအလှူရှင်အဖွဲ့တွင် တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသယူနန်ပြည်နယ်နိုင်ငံခြားရေးရာဌာန ညွှန်ကြားရေးမှူး မစ္စတာဝူးဝိန်တုန်း ဦးစီး၍ အဖွဲ့ဝင် ရှစ်ဦး လိုက်ပါလာသည်။

ကူညီထောက်ပံ့ပစ္စည်းများမှာ အရန်သင့်နေအိမ် ၁၅၀၊ သောက်ရေသန့်ဖာ ၁၀၀၀၀၊ ဆိုလာမီးလုံး ၉၁၂လုံး၊ T-Shirt အထည်၂၀၀၀၊ ဆန်တန်ချိန် ၅၀၊ အရေးပေါ် အသက်ကယ်သေတ္တာ အလုံး ၁၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၅၁၈၀ ရှိ ထောက်ပံ့ရေးပစ္စည်းများကို ကုန်တင်ယာဉ် ၁၂ ဘီးယာဉ် ၃၃ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ အရန်ယာဉ်တစ်စီး၊ စုစုပေါင်း ၃၆ စီးဖြင့်



မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

# ကဝမြို့မှရေဘေးကယ်ဆယ်ရေး လှူဒါန်း

**ကဝ ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ကဝမြို့ အာယုဒါန သွေးလှူရှင်များအသင်းမှ ဦးဆောင်၍ ကဝမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များ၊ ပြည်သူများ လှူဒါန်းကြသော သက်န်း၊ ထီး၊ ဖိနပ်၊ ဆန်၊ ဆီ၊ ဆေး၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည် စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၀၂၉၀၀ ရှိ ပစ္စည်းများကို အသင်းအမှုဆောင်များကိုယ်တိုင် ဩဂုတ် ၁၁ ရက်က မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ်သို့ သွားရောက်ပို့ဆောင်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံခဲ့ပြီး ရခိုင်ပြည်နယ်သို့ အမြန်ဆုံးပေးပို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြည်စိုး**

# မိုနာကိုတို့ အောင်ပွဲခံမယ့် ပြင်သစ်လီဂူး-၁ ပွဲစဉ်(၂)




ပရိသတ်စိတ်ဝင်စားမှု တဖြည်းဖြည်းမြင့်တက်လာနေတဲ့ ပြင်သစ်လီဂူး-၁ ပွဲစဉ်တွေကလည်း ပြင်သစ်မြေမှာ မြိုင်မြိုင်ဆိုင်ဆိုင်ဆင်နွှဲနေကြပြီဖြစ်ပါတယ်။ ပြင်သစ်လီဂူး-၁ရဲ့ ပွဲစဉ်(၂)ကိုတော့ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ထိပ်တန်းအသင်းတစ်သင်းဖြစ်တဲ့ မိုနာကိုနဲ့ လိုင်လီပွဲကတော့ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာနေပါတယ်။

**မိုနာကိုနှင့် လိုင်လီ**

ပြီးခဲ့တဲ့ ဘောလုံးရာသီကုန်မှာ အဆင့်(၃) နေရာမှာ ရပ်တည်ခဲ့တဲ့ မိုနာကိုနဲ့ အဆင့်(၈)နေရာအထိ တက်ရောက်ခဲ့တဲ့ လိုင်လီတို့ရဲ့ တွေ့ဆုံမှုက ပြင်းထန်ပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်က မိုနာကိုကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး လိုင်လီကွင်းမှာ ကစားတော့ လိုင်လီတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိထားပါတယ်။ အိမ်ကွင်းအားသာချက်ကိုယ်စီရှိတဲ့ ဒီနှစ်သင်းမှာတော့ လောလောဆယ်မှာ မိုနာကိုတို့ ခြေစွမ်းပိုင်းထက်မြက်လာပြီး လူသစ်တွေကလည်း အသင်းကိုအကျိုးပြုနေတာမို့ ဒီပွဲမှာ ဂိုးမပြတ်ပေမယ့် အိမ်ရှင်တို့ အောင်ပွဲခံမယ့် အနေအထားရှိပါတယ်။

**စိန့်အီတင်းနှင့် ဘော်ဒိုး**

နှစ်သင်းစလုံးအိမ်ကွင်းတွေမှာ စွမ်းဆောင်ရည်မြင့်မားတာမို့ အခုပွဲမှာ အိမ်ရှင်စိန့်အီတင်းတို့ အမှတ်ပြည့်ရအောင် ခြေကုန်ထုတ်ပါလိမ့်မယ်။ စိန့်အီတင်း တိုက်စစ်မှူးတွေက အိမ်ကွင်းမှာ ဂိုးတွေရအောင်သွင်းယူနိုင်ပြီး ခံစစ်လည်း ခိုင်မာတောင့်တင်းတာမို့ ဒီပွဲမှာ ဘော်ဒိုးတို့ သိပ်တော့မလွယ်ပါဘူး။ ဘော်ဒိုးဟာ အဝေးကွင်းမှာ ခံစစ်ကောင်းကောင်းနဲ့ ကစားတတ်တာမို့ ဒီပွဲမှာ စိန့်အီတင်းတို့လည်း နိုင်ပွဲရရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ဂူရင်ဂမ့်နှင့် လိုင်ယွန်**

လိုင်ယွန်တို့က မကြာခင်က ကစားခဲ့တဲ့ ဗီလာရီးရဲနဲ့ပွဲရော၊ ပီအက်စ်ဂျီနဲ့ပွဲပါ ရှုံးပွဲတွေကြုံထားပါတယ်။ ဒါပေမယ့် ဂူရင်ဂမ့်နဲ့ နောက်ဆုံးငါးပွဲ ဆုံတွေ့ခဲ့မှုရလဒ်ကိုကြည့်ရင် လိုင်ယွန်တို့ပဲ ပွဲအားလုံးနိုင်ထားတာမို့ ဒီအစဉ်အလာကို လိုင်ယွန်တို့ နိုင်ပွဲနဲ့ပဲမှတ်တမ်းကောင်း ဆက်လက် ရေးထိုးပါလိမ့်မယ်။

**အန်ဂါးစ်နှင့် နန့်တက်စ်**

ဒီနှစ်သင်းဟာ အိမ်ကွင်းမှာဆိုရင် နိုင်ပွဲရအောင် အားထုတ်တတ်တာမို့ အခုပွဲမှာ နန့်တက်စ်တို့ သတိထားရမယ့်ပွဲပါ။ တန်းတက်မျက်နှာသစ် အန်ဂါးစ်တို့က ပွဲချိန်ပြည့်ကစားအားမချဘဲ ကြိုးစားနိုင်သူတွေဖြစ်ပြီး ပွဲတိုင်းအမှတ်ရအောင် အားထုတ်နေပါတယ်။ ရာသီအကြို ပွဲစဉ်တွေအဖြစ် ချာတီရော့နဲ့ လိုရီယန့်အသင်းတွေကို သရေပွဲရအောင် ကစားနိုင်ခဲ့တဲ့ အန်ဂါးစ်ဟာ ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ် ရအောင် ရှာဖွေစုဆောင်းပါလိမ့်မယ်။

**ကိန်းနှင့် တူးလော့**

အိမ်ကွင်းမှာလည်း ရှုံးပွဲများတတ်တဲ့ ကိန်းဟာ အခုပွဲမှာ တူးလော့ကို သေသေချာချာ ပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ တူးလော့တို့ကလည်း အဝေးကွင်းမှာ ရလဒ်မကောင်းတတ်တဲ့ အသင်းဖြစ်ပြီး ခံစစ်မှူးတွေကလည်း အမှားအယွင်းများတာမို့ အခုပွဲမှာ အိမ်ရှင်တို့ အမှတ်ပြည့်ရသွားနိုင်ပါတယ်။

**ထရိုရက်စ်နှင့် နိုက်စ်**

ရာသီအကြိုပွဲစဉ်တွေအဖြစ် ကစားတဲ့အခါ ဂါလာတာစာရေးနဲ့ နာပိုလီတို့လိုအသင်းတွေကို ဂိုးပြတ်နိုင်ပွဲရအောင် ကစားနိုင်ခဲ့တဲ့ နိုက်စ်ရဲ့ ခြေစွမ်းက အသိအမှတ်ပြုစရာဖြစ်ပါတယ်။ ထရိုရက်စ်တို့က အခုပွဲမှာ အိမ်ကွင်းဖြစ်ပေမယ့် နိုက်စ်ကို ခြေရည်တူကစားနိုင်ဖို့ ခဲယဉ်းမှာပါ။ နောက်ဆုံးငါးပွဲ ဆုံတွေ့မှုရလဒ်အရ နိုက်စ်တို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**ရန်းနက်စ်နှင့် မောင့်ပယ်လီယာ**

မောင့်ပယ်လီယာနဲ့ဆုံတိုင်း ရန်းနက်စ်တို့နိုင်ပွဲမရခဲ့ပါဘူး။ နောက်ဆုံးကစား ခဲ့တဲ့ ငါးပွဲရလဒ်မှာလည်း ရန်းနက်စ်တို့ အမြင့်ဆုံးသရေပွဲသာ ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရာသီအကြိုပွဲစဉ်တွေမှာ ပီအက်စ်ဂျီနဲ့ ဘော်ဒိုးအသင်းတွေကို ရှုံးထားတဲ့ မောင့်ပယ်လီယာရဲ့ ခြေစွမ်းကလည်း စိတ်ချလို့မရနိုင်တဲ့ အနေအထားပါပဲ။ နှစ်သင်းစလုံးရဲ့ လက်ရှိခြေစွမ်းအရ အမှတ်ခွဲယူရမယ့်ကိန်း ဆိုက်သွားနိုင်ပါတယ်။

မိုးမြင့်လင်းလက်

## ချယ်လ်ဆီးဂိုးသမား မန်စီးတီးနဲ့ပွဲလွဲပြီ

ချယ်လ်ဆီးဂိုးသမား တီဘောက်ကောက်တွစ်ဟာ တနင်္ဂနွေနေ့မှာ မန်စီးတီး ကစားမယ့်နဲ့ပွဲလွဲချော်လိမ့်မယ်လို့ ဆိုပါတယ်။ ဘယ်လ်ဂျီယံဂိုးသမားကောက်တွစ်ဟာ ပြီးခဲ့တဲ့အပတ်က ဆွမ်ဆီးနဲ့ကစားတဲ့ပြိုင်ပွဲမှာ ရခဲ့တဲ့အနီကတ်ကို အယူခံရာမှာ အက်ဖ်အေက လက်မခံဘဲပယ်ချခဲ့ပါတယ်။ ဒီအတွက်ကြောင့်လည်း ချယ်လ်ဆီးဂိုးသမား ကောက်တွစ်ဟာ တနင်္ဂနွေနေ့မှာ မန်စီးတီးကွင်းသို့ သွားရောက်ကစားရာမှာ ပါဝင်နိုင်တော့မှာ မဟုတ်ပါဘူး။ ချယ်လ်ဆီးအသင်းက ဒီအနီကတ်အတွက် အယူခံခဲ့ပေမယ့် အက်ဖ်အေက ပယ်ချပြီး တစ်ပွဲပိတ်ပင်လိုက်ပါတယ်။ ဒီအတွက် မကြာမီက ပီတာချက်အစား ပြန်လည်ခေါ်ယူခဲ့တဲ့ စတုတ်ဂိုးသမား ဘီဂိုဗစ်ကို ပထမပွဲထွက် ဂိုးသမားအဖြစ် ထည့်သွင်းကစားရမှာဖြစ်ပါတယ်။ လာမယ့် ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ရဲ့ပွဲကတော့ တကယ့်ပွဲကြီးပွဲကောင်းပါပဲ။ ချယ်လ်ဆီးကပဲ နိုင်ပွဲစနိုင်မလား။ မန်စီးတီးတို့ပဲ နိုင်ပွဲဆက်မလားဆိုတာ စိတ်ဝင်စားစရာပြိုင်ပွဲပါပဲ။







## ခြေစွမ်းပြဂိုးတွေ သွင်းပေးဖို့ လိုအပ်နေတဲ့ ဒမ်ဘီလီ

စပါးကွင်းလယ်ကစားသမား ဒမ်ဘီလီဟာ ခြေစွမ်းပြဂိုးတွေ သွင်းယူပေးဖို့ လိုအပ်နေတယ်လို့ ဆိုပါတယ်။ ၂၀၁၂ ခုနှစ်က စပါးအသင်းသို့ ပြောင်းရွှေ့လာတဲ့ ဘယ်လ်ဂျီယံကစားသမား ဒမ်ဘီလီဟာ ပြီးခဲ့တဲ့ရာသီက ပွဲပေါင်း ၄၀ ပါဝင်ကစားခဲ့ရာမှာ တစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ပရီမီယာလိဂ်မှာတော့ အစပွဲ ၁၀ ပွဲသာ ပါဝင်ကစားခွင့်ရခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်တော့်အနေနဲ့ အသင်းအတွက် ဂိုးတွေထပ်ခါတလဲလဲ သွင်းပေးချင်တာပါလို့ အသက် ၂၈ နှစ်အရွယ် ဒမ်ဘီလီက ဆိုပါတယ်။ ကျွန်တော့်အတွက်ကတော့ ပွဲအနည်းငယ်သာ ကစားခွင့်ရတယ်လို့ ဆိုပါတယ်။ ဂိုးတွေများများသွင်းယူဖို့ဆိုရင် ပွဲတွေကစားခွင့်အများကြီးပေးဖို့ လိုတယ်လို့လည်း သူက ဆိုပါတယ်။ ဒီနှစ်ရာသီမှာတော့ ဂိုးတွေအများကြီး ကြိုးစားသွင်းပေးသွားမှာပါပဲလို့ သူက ထပ်လောင်းပြောဆိုလိုက်ပါတယ်။

ကောင်းမြတ်သူ ➤ ➤ စုစည်းသည်။

## ချယ်လ်ဆီးကွင်းလယ်ကစားသမား ဆောက်သမ်တန်ခေါ်ယူ

ချယ်လ်ဆီးအသင်းရဲ့ နာမည်ကြီးကွင်းလယ်ကစားသမား ရိုမီယူကို ဆောက်သမ်တန်အသင်းက ပေါင် ငါးသန်းနဲ့ သုံးနှစ်စာချုပ်လိုက်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ကွင်းလယ်ကစားသမား ရိုမီယူဟာ ၂၀၁၁ ခုနှစ်က ဘာစီလိုနာအသင်းမှ ပြောင်းရွှေ့လာပြီးနောက် ချယ်လ်ဆီးအသင်းအတွက် ၃၄ ကြိမ် ပါဝင်ကစားခဲ့ပါတယ်။ ရိုမီယူဟာ လွန်ခဲ့တဲ့နှစ်နှစ်တာအတွင်း ဂျာမန်ကလပ် စတုဂတ်မှာ ကစားခဲ့ပြီး သူ့ရဲ့ဇာတိမြေ ဗလင်စီယာသို့ ပြန်လာခဲ့ပါတယ်။ သူဟာ ၂၀၁၂ ခုနှစ်က ချယ်လ်ဆီးအသင်း ဘိုင်ယန်မြူးနစ်ကိုနိုင်ပြီး ချန်ပီယံလိဂ်ဖလားဆွတ်ခူးရာမှာ အရန်ခုံမှာပဲ ထိုင်ခဲ့ရပါတယ်။ ဒ့ါအပြင် ၂၀၁၂ FA ဖလားနဲ့ ၂၀၁၃ ယူရိုပါလိဂ်ဖလားများ ဆွတ်ခူးရာမှာလည်း လွဲချော်ခဲ့ရပါတယ်။သို့ပေမယ့် ဆောက်သမ်တန်မှာတော့ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ နှစ်နှစ်တာ အငှားကစားခဲ့ရပြီး အမြဲတမ်းကလပ်လိုအပ်နေပြီလို့ ရိုမီယိုက စာချုပ်အပြီး ပြောဆိုလိုက်ပါတယ်။



# ရေနစ်မြုပ်လယ်မြေများ ထွန်စက်ကြီးများဖြင့် ကူညီထွန်ယက်ပေးမည်



**မုံရွာ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးနစ်မြုပ်သွားသော ကလေး ဒေသရှိ လယ်မြေများ မိုးစပါး အမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးဌာနမှ လယ်ထွန်စက်ကြီး အစီး ၈၀ ဖြင့် ထွန်ယက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ရေပြန်ကျတဲ့အချိန်မှာ တောင်သူတွေအနေနဲ့ အချိန်မီစိုက်ပျိုးဖို့ဆိုရင် စက်ယန္တရားတွေနဲ့လုပ်မှ အချိန်မီစိုက်ပျိုးနိုင်မှာ၊ ဒါကြောင့် အခုနှစ်မှာ ရေကြီးရေလျှံ မှုတွေအဖြစ်များတဲ့ ကောလင်းဒေသကို ထွန်စက်အစီး ၃၀ လွှတ်ပြီး ထွန်ယက်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါပြီ။ အခုလည်း ကလေးမြို့နယ်အတွင်းက ရေကြီးနစ်မြုပ်ခဲ့တဲ့ လယ်မြေတွေ မိုးစပါး အချိန်မီ ပြန်စိုက်နိုင်ဖို့အတွက် ထွန်ယက်ပေးမယ်။ သဲဖုံးသွားတဲ့ လယ်မြေတွေကိုလည်း ပြန်ပြီးဖယ်ရှားပေးမယ်။ ထွန်ယက်လို့ မရသေးရင် လည်း တောင်သူတွေရဲ့ လယ်ယာသုံးစက်ပစ္စည်းတွေပြုပြင်တဲ့နေရာတွေ မှာလည်း ဝိုင်းပြီးကူညီကြမယ်" ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူးက ပြောသည်။

ရေကြီးနစ်မြုပ်သည့် ကလေးဒေသရှိ လယ်မြေများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော်မှ ထွန်စက်အစီး ၂၀၊ မန္တလေးတိုင်းဒေသကြီးမှ ၃၅ စီး၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ ၂၅ စီး စုစုပေါင်း အစီး ၈၀ ကို အုပ်ချုပ်သူ၊ စက်ပြင်နှင့် စက်မောင်း ၁၀၈ ဦးတို့ဖြင့် ကလေးဒေသ သို့ ချင်းတွင်းမြစ်ရေကြောင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေဘေးသင့် ပြည်သူများအား စိတ်အာဟာရတိုက်ကျွေးရန် အနုပညာရှင်များလေကြောင်းဖြင့်ရောက်ရှိ

**ကလေး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ရေကြီးရေလျှံမှုကြောင့် အိမ်ထောင်စုပေါင်း ၅၅၄၅ စု၊ လူဦးရေ ၁၇၃၄၅ ဦးအား မြို့ပေါ်နှင့် ကျေးရွာရေဘေးကယ်ဆယ်ရေး စခန်းပေါင်း ၂၈ ခုသို့ နေရာချပေးခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအား စိတ်အာဟာရတိုက်ကျွေးပေးရန် ဒါရိုက်တာစင်ရော်မောင်မောင်နှင့် အသည်းဆရာဝန်ကြီး ပါမောက္ခ ဦးခင်မောင်ဝင်းတို့ဦးဆောင်၍ ဂီတနှင့်အနုပညာရှင်ပေါင်း ၂၃ ဦးတို့လိုက်ပါလျက် မြန်မာ့လေကြောင်း XY- AJM ဖြင့် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲက ကလေးမြို့ လေဆိပ်သို့ရောက်ရှိကြောင်း သိရသည်။



ယင်း အနုပညာရှင်များတွင် တေးသံရှင်များဖြစ်ကြသည့် ခိုင်ထူး၊ Lလွန်းဝါ၊ ဖြိုးကြီး၊ ကော်နီ၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ သရုပ်ဆောင် ခရစ္စတီးနားနှင့် တေးဂီတအဖွဲ့များသည် မွန်းလွဲပိုင်းတွင် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းနှင့် သာသနာ့ရက္ခိတစမ်းမြို့ ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများရှိရာ ကယ်ဆယ်ရေးစခန်းများသို့ ဖျော်ဖြေ ရေးယာဉ်ဖြင့် လှည့်လည်သွားရောက်၍ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်သိမ့်အားပေးခြင်း၊ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ တေးဂီတဖြင့် ဖျော်ဖြေခြင်းများဆောင်ရွက်ကာ ညပိုင်းတွင် တောင်ဖီလာရပ်ကွက်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ အမှတ်(၃)ကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား တေးဂီတဖြင့်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေစု**

## ရန်ကုန်မြို့ တရုတ်နွယ်ဖွား အသင်းအဖွဲ့ပေါင်းစုံမှ ရေဘေးသင့် ပြည်သူများအား လာရောက်လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၁၄**

မြန်မာပြည်ရှိ တရုတ်မျိုးနွယ် ကုသိုလ်ဖြစ်အသင်းမှ ရန်ကုန်မြို့ရှိ တရုတ်နွယ်ဖွားအသင်းအဖွဲ့ပေါင်းစုံက စုပေါင်းပြီး ရေဘေးသင့်ပြည်သူများအား လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ လှူဒါန်းမှုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဓမ္မရက္ခိတ(မြို့ပေါက်ဆိန်)ဘုန်းကြီးကျောင်းတွင် ဩဂုတ် ၁၂ ရက်က လာရောက်လှူဒါန်းခဲ့ကြသည်။

ဓမ္မရက္ခိတ(မြို့ပေါက်ဆိန်)ဘုန်းကြီးကျောင်းတွင် ရေဘေးသင့်အိမ်ထောင်စု ၁၅၉ စု လူဦးရေ ၆၆၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ လှူဒါန်းခဲ့ကြ ပြီး မကျီးပင်ကွင်းကျေးရွာအုပ်စု ကညင်ကောက်ဘုန်းကြီးကျောင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၄၅ စု၊ လူဦးရေ ၆၀၇ ဦးအား သွားရောက်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ကံ့ကော်ပညာဒါနကျောင်းသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# နို့တိုက်မိခင်နှင့် ငါးနှစ်အောက်ကလေးငယ်များအား အာဟာရဖွံ့ဖြိုးရေးပညာပေး

**မိုးနဲ ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ၂၀၁၅ ခုနှစ် အာဟာရဖွံ့ဖြိုးမှုရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင် မိခင်လောင်းများ နို့တိုက်မိခင်များနှင့် အသက် ငါးနှစ်အောက် ကလေးငယ်များအား ပညာပေးဟောပြောခြင်းနှင့် အာဟာရတိုက်ကျွေးခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက်က မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုက ကိုယ်ဝန်ဆောင်မိခင်များ အာဟာရမျှတစွာ စားသောက်နည်းကို လည်းကောင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစံကြည်က မိခင်နို့တိုက်ကျွေးရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရမျှတစွာ စားသောက်နည်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်နန်းမေသောင်းခင်က အာဟာရအုပ်စု အကြောင်းနှင့် အစားအစာမှ ရရှိနိုင်သော အာဟာရအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ နို့တိုက်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးပြီး ကြက်ဥ၊ အိုင်အိုဒင်းဆား၊ သံဓာတ်အားဆေး၊ ဗီတာမင် $B_1$ ဆေးပြားနှင့် ဖယ်ရိုဗစ်အားဆေးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရေဘေးသင့်ပြည်သူများ နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်း

**ဟသ်ာတ ဩဂုတ် ၁၄**

ဟသ်ာတမြို့၌ စိုးရိမ်ရေအမှတ်ကျော်လွန်ရောက်ရှိခဲ့သော ဧရာဝတီမြစ်ရေသည် ဩဂုတ် ၈ ရက် သန်းခေါင်ယံအချိန်မှ ဩဂုတ် ၁၂ ရက်အထိ ငါးရက်အတွင်း သုံးပေခန့်ကျဆင်းလာကာ ရေဘေးသင့်ပြည်သူများ နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းနေပြီဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းက စစ်ကုန်း(အလက) ရေဘေးကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသော ရေဘေးသင့်ပြည်သူများအား နေရပ်သို့ ပြန်လည်ရွှေ့ပြောင်းနိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီများ၊ အမျိုးသမီးရေးရာအဖွဲ့များက တပ်မတော်ဘုတ်များ၊ ကြက်ခြေနီဘုတ်များဖြင့် အဆင်ပြေစွာ ပြောင်းရွှေ့နိုင်စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ဟသ်ာတမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်း ၂၉ ခု တွင် ရေဘေးသင့်ပြည်သူ ၅၈၆၂ ဦး ရှိပြီး ဩဂုတ် ၁၂ ရက်အထိ ပြည်သူ ၃၂၂၀ နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းပေးခဲ့ပြီး ကျန်ရေဘေးသင့်ပြည်သူ ၂၆၄၂ ဦး တို့ကိုလည်း ဆက်လက်ကူညီရွှေ့ပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီများဖွဲ့စည်း

**မြစ်ကြီးနား ဩဂုတ် ၁၄**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာများအနက် ကျေးရွာ ၁၀ ရွာတွင် တစ်ရွာလျှင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီဖြင့် ကျေးရွာနေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်း စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းခိုင်နှင့် တာဝန်ရှိသူများက ဩဂုတ်ပထမပတ်မှစ၍ ကျေးရွာအလိုက် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီများကို ကျေးရွာနေပြည်သူများ၏ သဘောထားဆန္ဒနှင့်အညီ ကွင်းဆင်းဖွဲ့စည်းပေးလျက်ရှိရာ ဩဂုတ် ၁၂ ရက်အထိ နန်းကွေ့၊ အာလမ်၊ နောင်နန်း၊ ပလန(၄)ယုဇနမြိုင်နှင့် နန်ကျင်ကျေးရွာတို့တွင် ကော်မတီဝင်များရွေးချယ် တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းအောင်**

# စုပေါင်းဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲခြင်းကို လိုက်လျောညီထွေမှုရှိရန် နေထိုင်မည်

**ရန်ကုန် ဩဂုတ် ၁၄**

ဒီရေတောများအပါအဝင် သစ်ပင်စိုက်ပျိုးမှုများကို နိုင်ငံနှင့် NGO စသည့် နိုင်ငံတကာ အကူအညီများဖြင့် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများကလည်း ရာသီဥတုပြောင်းလဲမှုအပေါ်တွင် တစ်ဦးချင်းအသိစိတ်ဓာတ်ဖြင့် တစ်ပိုင်တစ်နိုင်စုပေါင်း၍ ကာကွယ်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အထိုက်အလျောက် သက်သာလာစေမည်ဖြစ်ကြောင်း အင်းလျားလိတ်ဟိုတယ်တွင် ဩဂုတ် ၁၀ ရက်က ကျင်းပခဲ့သည့် အာရှဒေသဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေပြုမူနေထိုင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးခဲ့သည့် ပညာရှင် ကိုယ်စားလှယ်များ၏ သဘောထား သုံးသပ်ချက်များကို စုစည်းတင်ပြလိုက်ပါသည်။

**ဒေါက်တာ ဟာရင်နိုင်တီယမ်း**
**ညွှန်ကြားရေးမှူးချုပ်၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန**

ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်တွေကြောင့် ကမ္ဘာမှာရော လက်ရှိ မြန်မာနိုင်ငံမှာပါ ဒီရလဒ်တွေ အများကြီး ခံစားနေရတာ တွေ့ရပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ တားဆီးလို့မရပေမယ့် သူ့ကြောင့်ဖြစ်တဲ့ ဘေးဒုက္ခတွေကို လျော့ပါးအောင်လုပ်လို့ရတယ်။ ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံအနေနဲ့ ရာသီဥတု လိုက်လျောညီထွေမှုဆိုင်ရာ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီအစီရင်ခံစာမှာ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောရေးရာ၊ ရေအရင်းအမြစ်၊ စွမ်းအင်ကဏ္ဍ၊ ဇီဝမျိုးစုံမျိုးကွဲကဏ္ဍ အစရှိသဖြင့် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် မိုးလေဝသကဏ္ဍကလည်း အရေးကြီးလို့ လုပ်ဆောင်ထားတယ်။ အာဆီယံနိုင်ငံတွေကလည်း ရာသီဥတုကြောင့်ဖြစ်ပေါ်တဲ့အကျိုးဆက်ကို တော်တော်များများ ခံစားနေရ တာရှိတော့ အားလုံး လိုက်လျောညီထွေ ပြုမူဆောင်ရွက်ဖို့အစီအစဉ်တွေကို ဆွေးနွေးကြမှာဖြစ်တယ်။ ဒီဆွေးနွေးပွဲမှာ အကျိုးရှိတဲ့ ရလဒ်တွေရရှိ ဖော်ထုတ်နိုင်မယ်လို့ ထင်မြင်မိပါတယ်။

**Mr. Paul DESANKER**
**UNFCCC အဖွဲ့ ကိုယ်စားလှယ် အတွင်းရေးမှူး**

အပူချိန်တိုးတက်လာမှု၊ ရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် လူသားတွေအတွက် စိုက်ပျိုးရေး၊ စီးပွားရေးကဏ္ဍတွေမှာ အနှောင့်အယှက်ဖြစ်စေရုံသာမက သေဆုံးတဲ့အထိ ဖြစ်ပေါ်စေပါတယ်။ UNFCCC အနေနဲ့ ရာသီဥတုပြောင်းလဲခြင်းကို ဆောင်ရွက်ရာမှာ ယခုနှစ်မှာ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ သုံးစွဲသွားမှာဖြစ်ပြီး နောင်နှစ်တွေမှာလည်း တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ ဆောင်ရွက်သွားဖို့ လျာထားပါတယ်။ ဒါက တတိယအကြိမ် ဆွေးနွေးပွဲဖြစ်ပြီး ပထမအကြိမ်မှာ ပစိဖိတ်ကျွန်းဆွယ်နိုင်ငံတွေမှာ ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကို တောင်နဲ့မြောက်အာဖရိကမှာ ကျင်းပခဲ့ပါတယ်။ နောင်လာမယ့် နှစ်လအတွင်း ကျွန်းနိုင်ငံတွေမှာ ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။

**ဦးလှမောင်သိန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

အခုဆွေးနွေးပွဲမှာ ရာသီဥတုပြောင်းလဲမှုနဲ့ဆိုင်တဲ့ အစီအစဉ်တွေမှာလိုက်လျောညီထွေမှုနဲ့ ပတ်သက်ပြီး ဘယ်လိုပေါင်းစပ်ဆောင်ရွက်မလဲဆိုတဲ့ ခေါင်းစဉ်နဲ့ဆွေးနွေးမှာပါ။ ပတ်ဝန်းကျင်ကဏ္ဍက စီးပွားရေးဖွံ့ဖြိုးမှုကို ဆောင်ရွက်တဲ့နေရာမှာ အဓိကကဏ္ဍတစ်ခုဖြစ်တယ်ဆိုတာ နိုင်ငံတော်က ချမှတ်ထားတယ်။ ရာသီဥတုပြောင်းလဲမှုအတွက် လိုက်လျောညီထွေပြောင်းလဲဖို့ ရေရှည်အစီအမံဆွဲဖို့လိုတယ်။ ကနဦးအခြေအနေနဲ့ ဆောင်ရွက်ထားမှုတွေကို ဆွေးနွေးမယ်။ လုပ်ဆောင်ဖို့ဘာတွေ အခက်အခဲလိုအပ်ချက်တွေရှိလဲဆိုတဲ့ကိစ္စ ဆွေးနွေးမယ်။ လက်ရှိမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနဲ့လုပ်ငန်း အစီအစဉ်ရေးဆွဲနေပါတယ်။ ဒီလုပ်ငန်းမှာ ရာသီဥတုပြောင်းလဲရေးအတွက် လိုက်လျောညီထွေဖြစ်စေတဲ့ ရှေ့ပြေးလုပ်ငန်းစဉ်လေးတွေ လုပ်နေတယ်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက ထိခိုက်မှုရှိလွယ်တဲ့ မြို့နယ်တွေမှာရှိတဲ့ လူထုနဲ့ထိတွေ့ပြီး လုပ်ဆောင်နေတယ်။ ရာသီဥတုနဲ့ လိုက်လျောညီထွေစွာရှိစေဖို့လို့ဆိုရာမှာ တစ်ဦးချင်းစီရဲ့ အသိစိတ်ဓာတ်နဲ့ ဒီရေတောတွေ သစ်ပင်တွေ ထိန်းသိမ်းစိုက်ပျိုးခြင်းတွေမှာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ရာသီဥတု ပြောင်းလဲခြင်းဒဏ်ကနေ အထိုက်အလျောက် သက်သာလာမယ်။ ဒီလိုတစ်ဆင့်ချင်း ဆောင်ရွက်သွားခြင်းအားဖြင့် တစ်ချိန်ချိန်မှာ ရာသီဥတု ပြောင်းလဲခြင်းဒဏ်ကို ခံနိုင်ရည်ရှိတဲ့ အနေအထားရှိလာလိမ့်မယ်လို့ ယုံကြည်ပါတယ် ။ ။

**မြတ်စန္ဒီသင်းဇော်**

# ရေဝင်ရောက်သည့်ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



**ကနီ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးရွာပေါင်း ၆၅ ရွာ အိမ်ထောင်စု ၇၅၆၂ စုမှ အိမ်ခြေ ၇၃၄၀၊ စာသင်ကျောင်း ၂၈ ကျောင်း၊ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းတို့တွင် ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့ပြီး မြစ်ရေနှင့်အတူ သဲနုန်းနှင့်နွံများဝင်ရောက်မှုများ ရှိခဲ့သည်။

အဆိုပါ နွံများဝင်ရောက်မှုများကြောင့် ကျေးရွာများရှိ လမ်းများ၊ စာသင်ကျောင်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင် ခရိုင်ပညာရေးမှူး ဦးအောင်စိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွန်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးမျိုးမင်းခိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးနှင့် မြို့နယ်ပြန်လည်ထူထောင်ရေးကော်မတီဝင်များသည် ဩဂုတ် ၁၂ ရက်က ယင်းကျေးရွာအုပ်စု၊ ကင်းကျေးရွာအုပ်စုနှင့် မဲဒင်ကျေးရွာအုပ်စုများရှိ ချင်းတွင်းမြစ်ရေ ဝင်ရောက်၍ လယ်ယာမြေများ၊ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုများ၊ အခြေခံပညာကျောင်းဝင်းများနှင့် စာသင်ခန်းများအတွင်း နုန်းများဝင်ရောက်မှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် ပြန်လည်ထူထောင်ရေးကော်မတီမှ လူမှုရေးပရဟိတအဖွဲ့များနှင့် အလှူရှင်များ လှူဒါန်းငွေများကို စာသင်ကျောင်းများ အမြန်ပြန်လည် ဖွင့်လှစ်နိုင်ရန်အတွက် မြို့နယ်အတွင်းမှ ရေဝင်ရောက်၍ နုန်းများဝင်ရောက်ခဲ့သည့် အခြေခံပညာကျောင်းများ သန့်ရှင်းရေးများ ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းတစ်ကျောင်းကို ငွေကျပ်တစ်သိန်းစီ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**



## သက်ကြီးနှင့်သန်စွမ်းအဖွဲ့ဝင် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေး

**တပ်ကုန်း ဩဂုတ် ၁၄**

နေပြည်တော်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ သက်ကြီးစစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများ၊ ၎င်းတို့၏သားသမီး (ကျောင်းသား ကျောင်းသူ)များ၊ အဖွဲ့ဝင်အားလုံးနှင့် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက်က တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယကအဖွဲ့ဝင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်က အမှာစကားပြောကြားပြီး အသက် (၇၅ နှစ်) အထက် သက်ကြီးစစ်မှုထမ်းဟောင်း ၈၉ ဦးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၅၃ ဦးတို့အတွက် ထောက်ပံ့ငွေများပေးအပ်ကာ အလှူရှင် ဗိုလ်ကြီးမောင်ဝင်း (ငြိမ်း)မှ ထောက်ပံ့ပစ္စည်းများနှင့် အလှူရှင် ဒေါ်နုနုအေး (NNN) မိသားစုမှ ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် မိဘမဲ့ကလေးတစ်ဦးအား စက်ဘီး၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်များ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)မှ ဆေးကုသရေးပါရဂူများနှင့်ဆေးမှူးများက အသက်(၇၅ နှစ်)အထက် စစ်မှုထမ်းဟောင်းဖွဲ့ဝင် ၈၉ ဦး၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၅၃ ဦးနှင့် ကျန်အဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယင်းမာပင်မြို့နယ်တွင် နှမ်းစပါးများရိတ်သိမ်းလျက်ရှိ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရ

**မုံရွာ ဩဂုတ် ၁၄**

ကိုးဆယ့်ကိုးကန်ဆည်ရေသောက်နှင့် တောင်သူပိုင်ရေလှျံတွင်းစနစ်တို့ဖြင့် စိုက်ပျိုးခဲ့သော ယင်းမာပင်မြို့နယ်အတွင်းရှိ နှမ်းစပါးများသည် ယခုအခါ ရင့်မှည့်ပြီဖြစ်၍ ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းကောင်းပြီး စပါးဈေးကောင်းရ၍ တောင်သူများအဆင်ပြေလျက်ရှိသည်။

ယင်းမာပင်မြို့နယ်တွင် နှစ်စဉ်နွေစပါးရိတ်သိမ်းချိန်၌ မိုးနည်းပါးခဲ့ရာ ယခုနှစ်တွင် မိုးများခဲ့သော်လည်း ပျက်စီးမှုနည်းပါးပြီး အထွက်နှုန်းကောင်းသဖြင့် ရိတ်သိမ်းစပါးများကို လယ်ကွက်များအနီး၌ပင် ရိတ်ခြွေစနစ်ဖြင့် ခြွေလှေ့လျက်ရှိသည်။

"နွေစပါးကို ယင်းမာပင်မြို့နယ်အတွင်းမှာ တောင်ပိုင်းနဲ့မြောက်ပိုင်း နှစ်ပိုင်းမှာ တောင်ပိုင်းမှာက ရေရရှိမှုပိုကောင်းတဲ့အတွက် အစိုက်များတယ်။ သွင်းအားစုသွင်းနိုင်သလောက် နွေစပါးကအထွက်နှုန်းလည်း ပိုကောင်းတယ်။ မှုရင်းစပါးကိုစိုက်ကြတယ်။ မနှစ်က စပါးဈေးနှုန်းက တစ်တင်းကို ငွေကျပ် ၃၈၀၀၊ ယခုနှစ်မှာ ငွေကျပ် ၄၀၀၀ ဈေးပေါက်တယ်။ ယခုအထွက်နှုန်းက တစ်ဧကကို ပျမ်းမျှတင်း ၁၀၀ ဝန်းကျင်ထွက်တယ်။ နွေစပါးက အဖျားကိုရိတ်ပြီး လယ်ကွက်ဘေးမှာပဲ ခြွေလှေ့စက်နဲ့ တစ်ခါတည်းခြွေလှေ့တယ်။ ရိတ်ခအတွက် အလုပ်သမားတစ်ဦးလျှင် တစ်ရက်ကို စပါးတစ်တင်းပေးရတယ်။ ခြွေလှေ့ခအနေနဲ့လည်း စပါးတင်း ၂၀ ကို တစ်တင်းနှုန်းပေးရတယ်။ ဒီဒေသမှာက နှမ်းတစ်မျိုးပဲ လုပ်အားခကိုငွေပေးရတယ်။ ကျန်တဲ့သီးနှံအားလုံးကို သီးနှံတွေနဲ့ပဲ လုပ်အားခရှင်းရတယ်။ နွေစပါးက အစိမ်းရိတ်(မောင်းညို)ပြီး စက်နဲ့တစ်ခါတည်း ခြွေလှေ့ရတယ်။ ပြီးမှစပါးကို အခြောက်ပြန်လှမ်းရတယ်။ နွေစပါးကိုရိတ်ပြီးတာနဲ့ မိုးစပါးအတွက် ချက်ချင်းထွန်ယက်ပြီး ပြန်စိုက်ကြတယ်။ ဒီမှာ နွေစပါး၊ မိုးစပါးစိုက်တာက တခြားဒေသတွေထက် နောက်ကျတယ်။ လုပ်သားကလည်း ဟိုတုန်းကလို ပေါပေါများများမရှိဘူး။ ရှားလာတဲ့အတွက် အပြိုင်ခေါ်နေရတော့ ဈေးနှုန်းကလည်း တက်လာတယ်။ ကျွန်တော်လည်း အခုနှစ်မှာ နွေစပါးကိုးဧကစိုက်တဲ့အတွက် စပါးကောင်းကောင်းရပါတယ်" ဟု ငါးမောင်းကျေးရွာမှ တောင်သူကိုကျော်မိုးက ပြောသည်။

ယင်းမာပင်မြို့နယ်အတွင်းရှိ တောင်ဘက်ခြမ်းကျေးရွာများတွင် ကိုးဆယ့်ကိုးကန် ဆည်ရေသောက်တောင်သူပိုင်ရေလှျံတွင်းများဖြင့် နှစ်စဉ်နွေစပါးများကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းပြီး စပါးဈေးနှုန်း ပိုရသဖြင့် မိသားစုများ ဝင်ငွေပိုမိုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## စလင်းမြို့၌ ရေဘေးသင့်မိသားစုများအား ထောက်ပံ့

**စလင်း ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုတို့ကြောင့် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာကြသော ပွင့်ဖြူမြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စုများကို တိုင်းဒေသကြီး ကျေးလက်ဒေသဦးစီးမှူး ဦးကျော်ဆွေနှင့် ဝန်ထမ်းများက ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီတို့ကို လှူဒါန်းခဲ့သည်။

ထို့အပြင် ဧရာဝတီမြစ်ရေလွှမ်း ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန်အတွက် ရေသန့်ဆေးပြားများဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

myanmar national airlines



## Yangon-Singapore-Yangon

**Book Now!**

Call Centre : 01-377840-43
Airport : 09-254219651
Online : www.flymna.com

Sun Far Travel&Tours 01-243993
Columbus Travel 01-229245
Nice Fare 01-393088

Saw Pron Phan Travel 01-255880
Oway Travel 01-2304197
Htoo Travel 01-8603766,67

*Journey of a lifetime*

MPT × LINE


ဆွေသဟာ သုံးစွဲသူများအတွက်
LINE ပရိုမိုးရှင်း အစီအစဉ်

အင်တာနက် သုံးစွဲခ ပေးရန်မလိုဘဲ
LINE Chat (ကြိုက်သလောက်) နှင့် LINE Calls (50MB) အသုံးပြုလိုက်ပါ

အင်တာနက် အခမဲ့ အသုံးပြုလိုက်ပါ

- LINE Application များဖြစ်သော Chatting ပြုလုပ်ခြင်း၊ စတစ်ကာများ ပေးပို့ လက်ခံခြင်း၊ ဓါတ်ပုံများ ပေးပို့ခြင်း၊ မိမိ၏ Timeline ကို Update လုပ်ခြင်း၊ VoIP ခေါ်ဆိုခြင်းများကို အခမဲ့ပြုလုပ်နိုင်ပါသည်။
- VoIP ခေါ်ဆိုခြင်းကို သုံးစွဲသူတစ်ဦးလျှင် တစ်လ 50MB ထိအသုံးပြုနိုင်ပါမည်။
- ယခုအစီအစဉ်မှာ ဆွေသဟာ အသုံးပြုသူများအတွက် ဖြစ်ပြီး ပရိုမိုးရှင်း ကာလမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထိ ဖြစ်ပါသည်။
- ဤပရိုမိုးရှင်း နှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲချက်များကို MPT Website တွင် အချိန်နှင့်တပြေးညီ ဖော်ပြ အသိပေးသွားပါမည်။

LINE Application ကို ယခုဘဲ www.line.me/my မှ
အခမဲ့ DOWNLOAD ရယူလိုက်ပါ။




အင်တာနက် ချိတ်ဆက်အသုံးပြုပုံ

Android ဖုန်းအသုံးသူများအတွက်
Setting ❯ Mobile Network ❯ Access Point Name
Name - mptnet
APN - mptnet

iOS ဖုန်းအသုံးသူများအတွက်
Setting ❯ Cellular ❯ Cellular Data Network
APN - mptnet
Username - mptnet

CALL CENTER 106
free hotline, 24 hours everyday

ဆွေသဟာ ရယူရန်အတွက် SWE ဟုရိုက်ပြီး 1332 သို့ SMS အခမဲ့ ပေးပို့ပါ။

အသေးစိတ်သိရှိလိုပါက mptofficialpage www.mpt.com.mm

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
## လုပ်ငန်းသုံးယာဉ်များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် MITSUBISHI TRUCK (သို့မဟုတ်) Nissan Condar (သို့မဟုတ်) Hino သယ်ယူပို့ဆောင်ရေးယာဉ်နှစ်စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၂) အိတ်ဖွင့်တင်ဒါများကို ၁၃-၈-၂၀၁၅ ရက်မှ ၁၉-၈-၂၀၁၅ ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

(၃) အိတ်ဖွင့်တင်ဒါများကို ၁၄-၉-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်သည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။

(၄) အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၆၇-၄၁၂၂၀၃၊ ၀၁-၂၅၁၉၉၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံထုတ်ယူရန်လိပ်စာ** | **တင်ဒါသွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ရေးနှင့်ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၆၇-၄၁၂၂၀၃** | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အိုဇုန်းလွှာပျက်စီးစေသော ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး စီမံခန့်ခွဲမှုလုပ်ငန်းစီမံကိန်း (HPMP) နှင့် ဖွဲ့စည်းမှုအင်အားဖြည့်ဆည်းရေးစီမံကိန်း(Institutional Strengthening (IS) Project) များအား ထိရောက်စွာအချိန်ပြည့်ဆောင်ရွက်နိုင်ရေးအတွက် Technical Officer တစ်ဦးနှင့် Administration and Finance Officer တစ်ဦးအား ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nation Environment Programme-UNEP) မှ ငွေကြေးအကူအညီဖြင့် ပြင်ပမှခေါ်ယူခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံကိန်းကာလမှာ (၂)နှစ်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် Technical Officer(၁)ဦးနှင့် Administration and Finance Officer (၁)ဦး လစ်လပ်လျက်ရှိပါသည်။ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) သတ်မှတ်အရည်အချင်း (Technical Officer)
- (၁) သိပ္ပံ၊ အင်ဂျင်နီယာ၊ ပတ်ဝန်းကျင်နှင့် အခြားဆက်စပ်ပညာရပ်ဆိုင်ရာ ဒီပလိုမာ သို့မဟုတ် တက္ကသိုလ်မှ ဘွဲ့ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး(၂)နှစ် ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ကျွမ်းကျင်ရမည်။
- (၄) ကွန်ပျူတာကျွမ်းကျင်ရမည်။ (Microsoft Office)
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရပါမည်။
- (၈) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၉) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူဖြစ်ရမည်။

(ခ) သတ်မှတ်အရည်အချင်း (Administration and Finance Officer)
- (၁) စာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဒီပလိုမာ (သို့) တက္ကသိုလ်မှ ဘွဲ့ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၂)နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ကျွမ်းကျင်ရမည်။
- (၄) ကွန်ပျူတာကျွမ်းကျင်ရမည်။ (Microsoft Office)
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရမည်။
- (၈) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၉) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူ ဖြစ်ရမည်။

(ဂ) **တာဝန်ထမ်းဆောင်ရမည့်နေရာ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၃)၊ နေပြည်တော်

(ဃ) **တာဝန်ထမ်းဆောင်ရမည့်ကာလ** - (၂)နှစ်

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(စ) Technical Officer နှင့် Administration and Finance Officer တို့၏ တာဝန်ဝတ္တရားများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အိုဇုန်းအရာရှိ ဖုန်း-၀၆၇-၄၃၁၃၃၈ ထံတွင် တောင်းယူနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - ဦးသန်းအေး၊ ညွှန်ကြားရေးမှူး၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၃၃၈၊ ၀၆၇-၄၃၁၃၂၅
ဖက်စ်-၀၆၇-၄၃၁၃၂၄

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ၆/၂၀၁၅

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၂) အထည်စက်ရုံ(ပလိပ်)မှ အသုံးမလိုပို၍ စက်ပစ္စည်း(၂၂)မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၈-၂၀၁၅ ရက်

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ**
- (က) **နေပြည်တော်** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(စီမံရေးဌာန) ရုံးအမှတ်-၃၇၊ နေပြည်တော်
- (ခ) **ရန်ကုန်** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးခွဲ) အမှတ်(၁)၊သုခဝတီလမ်း၊(၆)ရပ်ကွက်၊ရန်ကင်းမြို့နယ်

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၃၁-၈-၂၀၁၅ ရက် ၁၆း၀၀နာရီ
**အချိန်နှင့်နေရာ** - ရုံးအမှတ်(၃၇)၊ နေပြည်တော်

၅။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
- (က) အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
- (ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်)၊ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာန၊ လှော်ကားဓာတ်အားပေးစက်ရုံရှိ ရေနွေးငွေ့တာဘိုင်စက်အား အကြီးစားပြုပြင်ခြင်းလုပ်ငန်းကို Turnkey စနစ် နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်-မကွေး
## ဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ အမြဲတမ်းဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) | ၂နှစ် |
| (ခ) | ဆေးပညာမဟာသိပ္ပံ(ဇီဝကမ္မဗေဒ) | ၂နှစ် |
| (ဂ) | ဆေးပညာမဟာသိပ္ပံ(ဇီဝဓာတုဗေဒ) | ၂နှစ် |
| (ဃ) | ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ) | ၂နှစ် |
| (င) | ဆေးပညာမဟာသိပ္ပံ(အဏုဇီဝဗေဒ) | ၂နှစ် |
| (စ) | ဆေးပညာမဟာသိပ္ပံ(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) | ၂နှစ် |
| (ဆ) | ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) | ၂နှစ် |
| (ဇ) | ဆေးပညာမဟာသိပ္ပံ(ဥပဒေရေးရာဆေးပညာ) | ၂နှစ် |
| (ဈ) | ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ) | ၃နှစ် |
| (ည) | ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) | ၃နှစ် |
| (ဋ) | ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) | ၃နှစ် |
| (ဌ) | ဆေးပညာမဟာသိပ္ပံ(သားဖွားမီးယပ်ပညာ) | ၃နှစ် |
| (ဍ) | ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) | ၃နှစ် |

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ခန္ဓာဗေဒ) | ၃နှစ် |
| (ခ) | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) | ၃နှစ် |

၂။ **လိုအပ်သောအရည်အချင်း**
- (က) **ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ**
  - (၁) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်)အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
  - (၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(**မှတ်ချက်။** ။(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒနှင့် ဥပဒေရေးရာဆေးပညာဘာသာရပ်) ဘွဲ့လွန်သင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။)

  - (၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။
- (ခ) **ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**
  - (၁) သက်ဆိုင်ရာဘာသာရပ်တွင် မဟာသိပ္ပံဘွဲ့(သို့မဟုတ်)အလားတူ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။
- (ဂ) **လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း (ဖေယျ) (သို့မဟုတ်)အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်းဆရာဝန်သင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။**

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးတက္ကသိုလ်၊ မကွေးသို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ
- (က) **ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ** - ၂၂-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့)
- (ခ) **ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ** - ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၁၁၈ သို့ပေးသွင်းရမည်။

(**မှတ်ချက်။** ။မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့တွင် ဆေးတက္ကသိုလ်၊ မကွေး၏ငွေစာရင်းအမှတ် MD-၀၁၁၁၁၈ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး၊ ပါမောက္ခချုပ်ရုံး၊ ဘွဲ့လွန်ဌာနစိတ်၊ ဖုန်း-၀၆၃-၂၃၇၀၁ လိုင်းခွဲ(၁၁၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်-မကွေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သာသနာရေးဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့် ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးစက္ကူအမျိုးမျိုး၊ ပုံနှိပ်လုပ်ငန်းသုံးမင်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ပုံနှိပ်လုပ်ငန်းသုံးစက္ကူ | ၆ မျိုး |
| (ခ) | ပုံနှိပ်လုပ်ငန်းသုံးမင်နှင့်ဆက်စပ်ပစ္စည်း | ၂၀ မျိုး |

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ သာသနာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) ငွေစာရင်းဌာနစု၊ သာသနာရေးဦးစီးဌာန (နေပြည်တော်)

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၈-၂၀၁၅ ရက်မှ ၄-၉-၂၀၁၅ ရက်ထိ

**တင်ဒါပုံစံတင်သွင်းရမည့်ရက်** - ၁၁-၉-၂၀၁၅ရက် နံနက် ၉း၀၀နာရီမှ ၁၂း၀၀ နာရီထိ

**တင်ဒါဖွင့်မည့်နေရာနှင့်ရက်** - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ ၁၁-၉-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၆၀၄၇၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ဖုန်း-၀၁-၆၅၂၁၃၅၊ ၀၁-၆၆၀၈၃၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

## မြန်မာအသေးစားငွေရေးကြေးရေးဘဏ်လီမိတက်
ဝန်ထမ်းများအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာအသေးစားငွေရေးကြေးရေးဘဏ်လီမိတက် Marketing ဌာန တွင် တာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်းနေရာများ လစ်လပ်လျက်ရှိပါသည်။

- ဘွဲ့တစ်ခုခုနှင့်သက်ဆိုင်ရာသင်တန်း (Diploma or Certificate) ရှိသူ၊
- ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူ၊
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိ၍ ကျန်းမာရေးကောင်းမွန်သူ။

လျှောက်ထားလိုသူများသည် CV Form၊ ဘွဲ့လက်မှတ်မိတ္တူနှင့် သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူများ၊ (၆) လအတွင်းရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ (၂) ပုံ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထား၊ အလုပ်သမား မှတ်ပုံတင် စသည်တို့၏မိတ္တူများ ပူးတွဲကာ (၃၁. ၈. ၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၃၁)၊ ပြည်လမ်းနှင့်မဟာမြိုင်လမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁-၂၃၀၆၂၈၁၊ ၀၁-၂၃၀၆၂၈၂။

## မြေကွက်ရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

ပေ(၆၀×၆၀) ပတ်လည်၊ ရွှေပြည်သာမြို့သစ်၊ ကတ္တရာလမ်းသွယ်ထိပ်အနီး၊ **သိန်း(၁၂၀၀)**

ဖုန်း-၇၉၂၁၇၇၉၃၇

## တိုက်ခန်းကျယ် ရောင်း/ငှားမည်

ရန်ကုန် အင်းစိန်လမ်းမပေါ် ၂၈'×၄၀' ရှစ်လွှာ၊ Hall, RC ခင်း

**ရောင်း 470 သိန်း/ငှား 1.7 သိန်း**

**ဖုန်း-၀၉-၄၅၀၀၆၄၀၅၈၊ ၀၉-၉၇၄၀၇၁၃၈၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### ချမ်းအေးသာစံမြို့နယ်တရားရုံးတော်၌
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၂

| | | |
|---|---|---|
| ဦးစန္ဒောဘာသ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကြည်ဝင်း) အဘယာရာမရွှေဂူကျောင်းတိုက် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ | နှင့် | ဦးအောင်ကျော်(ခ)ဦးထွန်းအောင်ကျော် ရွှေမောင်းတိုက်၊ အိမ်အမှတ် ၁၅၅ အမှတ် ၅၂/၁၊ အကွက် ၅၇၉၊ ကျောက်သွေးတန်းရပ်၊ ၈၄ လမ်း၊ လမ်း ၃၀နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |
| **တရားလို** | | **တရားပြိုင်** |

ဦးအောင်ကျော်(ခ)ဦးထွန်းအောင်ကျော် (ဘ) ဦးထင်ကျော် ရွှေမောင်းတိုက်၊ အိမ်အမှတ် ၁၅၅၊ အမှတ် ၅၂/၁၊ အကွက် ၅၇၉၊ ကျောက်သွေးတန်းရပ်၊ ၈၄ လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာ) သိစေရမည်။

အထက်အမည်ပါ တရားလိုက သင့်အပေါ်၌ ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် (ဂ)အရ အိမ်ငှားကို ဥပစာမှနှင်လိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၄ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မျိုးညွှန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၁၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)

RE GD.

ဝမ်းပျက်ဝမ်းလျှော အူရောင်၊ အစာအိမ်ရောင်ခြင်း ကွမ်းရှက်ပုံ ဆေးကောင်း

တွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ဝန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD

ဒူးနာ၊ ခါးနာ၊ ကျောက်ပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲ အကြောပေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း

မူးဝေ၊ ရင်တုန်၊ ခေါင်းကိုက်လျှင် ရှူ

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

10111 Y 009386 ထုတ်လုပ်ခွင့်လိုင်စင်အမှတ် – ၈/၂၀၀၀ တဆထလ/ တိုး(၀၄၄)

ဆေးညွှန်းပါအတိုင်း လိမ်းဆေးရည်ကို လေးလေးပါးပါး လိမ်းပေးရုံဖြင့်

အမြို့မြို့ ဆေးဆိုင်များ၌ ရရှိနိုင်ပါသည်။

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်သည်

HOLLY HOTEL

**Opportunity!**

Are you ready to explore new challenges?

Our Holly Hotel has the following opportunities available;

**Management Position**
Operation Manager 1
Executive Chef (Thai) 1

**Accounting**
Accounting Officer 3

**Front Office**
Guest Service Supervisor 3
Guest Service Agent 8
Concierge/ Bellman 4

**F&B Service**
F&B Supervisor 2
F&B Agent 8
Bartender 1

**Sales & Marketing**
Sales Executive 3

**Engineering:**
Engineering Officer 3

**Housekeeping**
Housekeeping Supervisor 2
Room Attendant 8
Public Areas – Cleaner 4

**F&B Service**
Sous Chef 1
Chef de Partie 1
Commis I, II – Preparation 4
Steward – Dish Washer 3

**We offer:**
- Service Charge
- Bonus
- Staff Incentive Program
- Staff Discounted Program
- Career Training
- Career Development Plan
- Duty Meal
- Uniform
- Staff Recognition Program
- Birthday Present

******



**To begin your journey – simply go to;**

Pre-Opening Office;
**GMP Co., Ltd (Ga Mone Pwint Co., Ltd)**
245, Bargayar Road Sanchaung Township, Yangon, Myanmar
Tel: 95-1-516533-6
Fax: 95-1-526926
Website: www.gmp-myanmar.com
Or send your resume to email: info@hollyhotelmyanmar.com

အသစ်ထပ်မံဖွင့်လှစ်မည့် ပုဇွန်တောင်စက်ဆန်းအိမ်ဆောက် ပစ္စည်းအရောင်းစင်တာတွင် တာဝန်ထမ်းဆောင်ရန်

# အရောင်းဝန်ထမ်းများအမြန်အလိုရှိသည်

☞ အခြေခံပညာအထက်တန်းမှစ၍ ဘွဲ့ရများအထိ စိတ်ဝင်စားသူမည်သူမဆို လာရောက်လျှောက်ထားနိုင်ပါသည်။

☎ 640469, 09420739435, 09799132616, 09448033178

လင်းရှင်း အကြောပြေအင်္ဂလိပ်ဆေး
ISO 9001: 2008
TMR - 012816 (0317)

ရုပ်နုပျို ဝမ်းမှန်ဆေး
ISO 9001: 2008
TMR - 012716 (0118)

SEVEN ၆
မြေကွက်ရောင်းဝယ်ရေး
SEVEN ၆ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်နိုင်ဦး ၁၃/ဟပန(နိုင်)၀၃၉၆၀၈၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၄၂၈၃၄၂၂၂၈

## ပျောက်ဆုံးကြောင်း

နန်းဟန်လိ(ဘ)ဦးစိုင်းနွံ ၁၃/ကတန(နိုင်)၁၂၈၅၃၉၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၂၅၂၇၉၉၄၆၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/3838 Hino Fs 630B Dump Truck(6x4) ယာဉ်လက်ဝယ်ရှိသူ Shwe Than Lwin Highway Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

## အမည်ပြောင်း

တောင်ကြီးမြို့၊ ပန်သခွား(အထက)၊ တက္ကသိုလ်ဝင်တန်းမှ မနှင်းရွှေရည်စိုးအား ယနေ့မှစ၍ မရတီဦးဟုပြောင်းလဲခေါ်ပါရန်။

မရတီဦး

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၆-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(ဂ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ခေါ်နွယ်နွယ်သွေး၏ဂရန်သစ်တွင်ပါမစ်ပျောက်ဆုံးဖြင့်ဂရန်သစ်အစားပါမစ်မပြည့်စုံဖြင့်ဂရန်သစ်လျှောက်ဟု အမှန်ဖတ်ရှုပါရန်။

# တက္ကသိုလ်ဝင်တန်းပညာဒါန အခမဲ့

၂၀၁၅–၁၆ ပညာသင်နှစ် (၁၀–တန်း) တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် လူမျိုးဘာသာမရွေး မည်သူမဆို တက်ရောက်နိုင်သည်။

ဘာသာရပ်တစ်ခုချင်းဝါရင့်ဆရာ / ဆရာမကြီးများ သင်ကြားပို့ချမည်။

**၁ ပတ် ၆ ရက်တက်၊ (၆) လပြတ်သင်တန်း**

ပို့ချချက်၊ မှတ်စုအပြည့်အစုံပံ့ပိုးမည်၊ မည်သည့်အခကြေးငွေမှပေးရန်မလို

**စက်တင်ဘာ(၁)ရက်နေ့ သင်တန်းစမည်။**

သင်တန်းဝင်ခွင့်ပုံစံလက်ခံပြီ။

သင်တန်းအချိန် နေ့လယ် ၁း၃၀ မှ ညနေ ၆း၀၀ နာရီ

**သင်တန်းတည်နေရာ**

ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးသော

**အဖွားများသုခရိပ်သာ**

အမှတ်(၁)၊ သုခလမ်း၊ ၁-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း– ၅၇၇၄၇၃၊ ၈၅၅၁၀၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၅၂၆၉၀၊ ၀၉ ၇၉၇၅၂၆၃၁

## ၆–၈–၂၀၁၅ရက်ထုတ် MYANMAR NEWSWEEK ဂျာနယ် စာမျက်နှာ ၁၄ သတင်းဖော်ပြချက်နှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးဝင်း ရဲအောင်လံယာဉ်လိုင်းပိုင်ရှင် ဦးဝမ်းကြည်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၆-၈-၂၀၁၅ ရက်ထုတ် MYANMAR NEWSWEEK ဂျာနယ်အတွဲ-၂၊ အမှတ် ၉၈၊ စာမျက်နှာ ၁၄ တွင် "တောင်ကုတ်တွင် မော်တော်ကားတိမ်းမှောက်မှုကြောင့် လူ ၃၀ ဒဏ်ရာရ" ဟူသော ခေါင်းစဉ်ဖြင့် သတင်းတစ်ရပ်ဖော်ပြခဲ့ရာတွင် ရဲအောင်လံယာဉ်လိုင်းကားဓာတ်ပုံအား ပူးတွဲဖော်ပြထားပါသည်။ တောင်ကုတ်တွင် ရဲအောင်လံယာဉ်လိုင်း၏ မည်သည့်ကားမျှ တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်း မရှိသည့်အပြင် ဓာတ်ပုံနှင့် သတင်းဖြစ်စဉ် ပတ်သက်ခြင်း တစ်စုံတစ်ရာလည်း မရှိပါ၍ ယင်းသတင်းဓာတ်ပုံဖော်ပြမှုသည် ရဲအောင်လံယာဉ်လိုင်း၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးစေလျက်ရှိပါသည်။ သို့ပါ၍ ယင်းသတင်းဓာတ်ပုံဖော်ပြမှု သက်ဆိုင်သူများအနေဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်၏အမှုသည်ထံ လာရောက်ဖြေရှင်းပေးရန် တောင်းဆိုကြောင်းနှင့် မလိုက်နာက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်မြင့် – B.A (Law). LL.B, DL Graduate (WIPO-Switzerland), Advocate (No.2269)
ဒေါ်မြင့်သီရိ – LL.B, B.Sc Engg (I.T), H.G.P (No.28318)
ဒေါ်လွန်နွမ်းဝုန် – LL.B, D.B.L, D.M.L, HGP (No.33303)
ဒေါ်အေးမြတ်ကြည် – LL.B, HGP (No.45602)
MAC Tower,# ၅၆၁ (ပထမထပ်) ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Tel: 95-1-706846/ 384382. HP:95-1-512448
E-mail: kmm-lawyer@myanmar.com.mm

# ကလေးမြို့ ရေကြီးမှုကြောင့် ပြတ်တောက်ခဲ့ရသည့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဇူလိုင်လ ၂၈ ရက်မှစတင်၍ နှစ် ၁၀၀ အတွင်း မကြုံစဖူး ထူးကဲစွာ ရေကြီးရေလျှံခဲ့ပြီး ရက်ရှည် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကလေးမြို့ရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ ထရန်စဖော်မာများ ရေနစ်မြုပ်ခြင်း၊ ဇီးချောင်းရေအား လျှပ်စစ်စက်ရုံ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ကလေးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ယာယီရပ်ဆိုင်းခဲ့သည်။

ကလေးမြို့အား လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖



**ကလေးမြို့ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး ဆောင်ရွက်ရန် ကလေးဝဆိပ်ကမ်းသို့ ကရိန်းကား ရောက်ရှိလာစဉ်။**

# ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောတံတားများ ပြန်လည်ပြုပြင်



**ကလေး ဩဂုတ် ၁၄**

ကလေးဒေသ၌ ဇူလိုင်နောက်ဆုံးပတ်၌ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အကြီးမားဆုံးသော ရေကြီးရေလျှံမှုကြောင့် ကလေး-ဂန့်ဂေါ ကားလမ်းပေါ်ရှိ အမှတ် (၂/၅၂) ကမ္ဘာ့နီတံတား P3 နိမ့်ကျသွားသဖြင့် ပြန်လည်ပြုပြင်ရန် တံတားအထူးအဖွဲ့(၅)မှ SAE နှစ်ဦးနှင့် လုပ်သား ၃၇ ဦး ရောက်ရှိပြီး Pannel ပေ ၁၈၀ တပ်ဆင်ကာ တံတားပေါ် တင်ပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့နီတံတား ပြုပြင်ရေးနှင့်ပတ်သက်၍ တိုင်းအင်ဂျင်နီယာ ဦးစိုးမင်းက "ကျွန်တော်တို့ ဒီကမ္ဘာ့နီတံတားကို

*စာမျက်နှာ ၇ ကော်လံ ၆* ❒

## ယနေ့ မာတိကာ

ရေကြီးနစ်မြုပ် ပျက်စီးရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၇

နေ့စဉ် ရေတိုးဝင်လာမှုကြောင့် ကျုံပျော်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများ ထပ်မံဖြစ်ပေါ်လျက်ရှိ

စာမျက်နှာ » ၁၀

ကားဆီတိုင်ကီအတွင်း သယ်ဆောင်လာသော ကျောက်စိမ်းတုံးအရွယ်အစားမျိုးစုံ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၁




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS